ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

သွားလေရာအရပ်၌
အပူဇော်ခံရ

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် သောကြာနေ့။ Friday, 30 October 2026 ၁၂၄၄၇

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် အောက်တိုဘာ ၂၉

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီဦးစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

ယနေ့ ဖတ်စရာ

ဧလွန်မြို့နယ်ရှိ ရောဝတီ - ဟသ်ာတတာ တာမိုင် ၂၉/၆ မှ ၃၀/၄ အတွင်းရှိ ညောင်ပင်သာပန်းတာအား ပွင့်လင်းရာသီတွင် အခိုင်အမာ ပြုပြင်ဆောင်ရွက်သွားမည်

စာမျက်နှာ » ၉

ဖိလစ်ပိုင်နိုင်ငံအစိုးရက လျှုဒါန်းသည့် RC တစ်ထပ်သာသနိုက အဆောက်အအုံ လှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

စာမျက်နှာ » ၁၂

ရောဝတီတိုင်းဒေသကြီးတွင် မြန်မာ့ပေါ်ဆန်းစပါးကိုအများဆုံးစိုက်ပျိုးထား

စာမျက်နှာ » ၂၀

လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့ည‌နေ ၃ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော နီကိုးဘားကျွန်းတို့တွင် အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ လည်းကောင်း၊

စာမျက်နှာ ၂ ကော်လံ ၃ သို့ ■



နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် 5G ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှုများ စမ်းသပ်အသုံးပြုနိုင်ပြီဖြစ်



နေပြည်တော် အောက်တိုဘာ ၂၉

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် 5G ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှုများ စမ်းသပ်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသိရိမြို့နယ်နှင့် ဓမ္မာသိရိမြို့နယ်အတွင်းရှိ ဆက်သွယ်ရေးစခန်းများတွင် 5G ဆက်သွယ်ရေးနည်းပညာ အကောင်အထည်ဖော်နေမှု၊ ကွန်ရက်ချိတ်ဆက်

စာမျက်နှာ ၂ ကော်လံ ၃ သို့ ❐

၁၀ နှစ်ကျော်ကြာ ပြန်လည်တည်ဆောက်ခဲ့သည့် မင်္ဂလာဈေးကြီး၌ ဆိုင်ခန်းများ ပြန်လည် ဖွင့်လှစ်မည်



စာမျက်နှာ » ၂၂

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တက်ညီလက်ညီကြိုးပမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို အောက်တိုဘာ ၂၈ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် တက်ရောက်ပြီး "နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများတိုးမြှင့်ရရှိရေး၊ ပြည်ပပို့ကုန်များတိုးမြှင့်ရရှိရေးနှင့် မိမိနိုင်ငံ၏ထုတ်ကုန်များ ဈေးကွက်ရရှိရေးတို့အတွက် အစိုးရ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး လက်တွဲညီညီဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ၊ စက်သုံးဆီနှင့် စားသုံးဆီများ နှစ်စဉ်အများအပြားတင်သွင်းနေရမှုများ၊ ငွေကြေးတန်ဖိုး မတည်ငြိမ်မှုများကိုလည်း အဖြေရှာ၍ ဖြေရှင်းပေးရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူ၍ တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ချက်ထားပြီး အမြဲမပြတ်ကြိုးပမ်းအကောင်အထည်ဖော်နေသည်ကို တွေ့မြင်ရသည်။ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့်နိုင်ငံဖြစ်သည်။ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ယခင်ကြုံတွေ့ခဲ့ရသော စီးပွားရေးနှင့်ပတ်သက်သည့် အခက်အခဲနှင့် သင်ခန်းစာများကို ဆန်းစစ်ဖော်ထုတ်ပြီး သုံးသပ်အဖြေရှာဆောင်ရွက်သွားကြရန် နိုင်ငံတော်သမ္မတက တိုက်တွန်းထားသည်။ စီးပွားရေးတိုးတက်မှ နိုင်ငံတည်ငြိမ်အေးချမ်းသာယာဝပြောပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းပညာများအသုံးပြု၍ သုတေသနပြု လေ့လာသုံးသပ် ပြင်ဆင်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် အမှန်တကယ် အလုပ်လုပ်ကြရန်နှင့် စွမ်းအားပြည့် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးရန်လိုအပ်သည်။ လိုအပ်သည့်သွင်းအားစုများကို ဖြည့်ဆည်းပေးပြီး အမှန်တကယ် အလုပ်လုပ်ကြမည်ဆိုပါက ထုတ်ကုန်ပစ္စည်းများ တိုးတက်ပြီး ထိုမှတစ်ဆင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်ကာ ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိလာမည်ဖြစ်၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ ပညာရေးအဆင့်မြင့်မားခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းကို တိုက်ရိုက်အကျိုးပြုပြီး ဖွံ့ဖြိုးတိုးတက်မှုကို သက်ရောက်မှုအားကြီးသည့်အတွက် ပညာရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

စီးပွားရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တွန်းအားပေးဆောင်ရွက်လျက်ရှိသော်လည်း ထိုက်သင့်သည့် တိုးတက်မှုများရရှိရန် လိုအပ်နေဆဲဖြစ်သည်။ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများနှင့်ပတ်သက်၍ နယ်စပ်ကုန်သွယ်မှုတွင် အချို့သောနယ်စပ်ဒေသများ၌ တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများမှ ကုန်သွယ်မှုမရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ကုန်သွယ်မှုများကို ရာနှုန်းပြည့် အားကိုး၍မရနိုင်ဘဲ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများမရရှိသည့်အပြင် နိုင်ငံသားများအနေဖြင့်လည်း အရည်အသွေးပြည့်မီမှုမရှိသည့်၊ အာမခံချက်မရှိသည့် ကုန်ပစ္စည်းများကို သုံးစွဲနေကြရသည်။ ထို့ပြင် တရားမဝင်လမ်းကြောင်းများမှ လက်နက်ကိုင်သောင်းကျန်းသူများကို ငွေကြေးပေးပြီး သွားလာသယ်ဆောင်နေကြသည်ဖြစ်၍ သူခိုးဓားရိုးကမ်းသကဲ့သို့ ဖြစ်လျက်ရှိသည်။ ရရှိသည့်ငွေကြေးများဖြင့် ၎င်းတို့၏အင်အားများကို တိုးချဲ့တည်ဆောက်လျက်ရှိပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဟန့်အတားဖြစ်စေသည်။ ထို့ပြင် ပြည်တွင်း အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်စေသည်။

သို့ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုများမဖြစ်စေရေးအတွက် သက်ဆိုင်ရာနယ်မြေဒေသများအလိုက် စနစ်တကျ ဖော်ထုတ်ထိန်းသိမ်း တားဆီးသွားရန်လိုအပ်ပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ခိုင်ခိုင်မာမာ ကာကွယ်စောင့်ရှောက်သွားရန်လိုအပ်သည်။ ပုံမှန်ကုန်သွယ်ရေးလုပ်ငန်းများမှတစ်ဆင့် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများတွင် တင်ပို့ရောင်းချနိုင်သည့် ဈေးကွက်သစ်များ ရှာဖွေဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ တရားဝင်လမ်းကြောင်းများမှသာ ဆောင်ရွက်သွားကြရန်လိုအပ်သည်။ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် စိစစ်ဖော်ထုတ်သွားရန် တာဝန်ရှိသည့်အဖွဲ့အစည်းများက ပြည်သူများ လုံခြုံစိတ်ချစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး ကဏ္ဍအလိုက် တာဝန်ကျေပွန်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

❒ **နေပြည်တော်မှ**

ဆောင်ရွက်ထားရှိမှု၊ ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်အသုံးပြုနေမှုနှင့် နည်းပညာဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုတို့ကို ယနေ့တွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများမှ တာဝန်ရှိသူများက 5G ဆက်သွယ်ရေးကွန်ရက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စခန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ကွန်ရက်လွှမ်းခြုံမှု တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များနှင့် နည်းပညာဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက 5G ဆက်သွယ်ရေး နည်းပညာသည် မြန်နှုန်းမြင့်ဒေတာဆက်သွယ်မှု၊ အချိန်နှင့် တစ်ပြေးညီ သတင်းအချက်အလက်ဖလှယ်မှုနှင့် ဒီဂျစ်တယ် နည်းပညာ အခြေပြုဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် နည်းပညာတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ 5G ဆက်သွယ်ရေးကွန်ရက်များ အကောင်အထည်ဖော်ရာတွင် နည်းပညာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ကွန်ရက်တည်ငြိမ်ကောင်းမွန်မှုနှင့် ဝန်ဆောင်မှုအရည်အသွေး ပြည့်မီစေရန်၊ ဆက်သွယ်ရေးစက်ပစ္စည်းများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ထိန်းသိမ်းပြုပြင်မှုများကို စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

5G ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ဒီဂျစ်တယ်စီးပွားရေး၊ စမတ်မြို့ပြဖွံ့ဖြိုးရေး၊ အင်တာနက် အခြေပြုဝန်ဆောင်မှုများနှင့် နည်းပညာအသုံးချလုပ်ငန်းများ တိုးတက်လာစေရန် အထောက်အကူပြုမည်ဖြစ်သဖြင့် ဆက်သွယ်ရေးကွန်ရက်များ အရည်အသွေးပြည့်မီစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများက ဆောင်ရွက်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■ **လေဖိအားနည်းရပ်ဝန်းမှ**

ထိုမှတစ်ဆင့် အောက်တိုဘာ ၃၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပွလီပင်လယ်ပြင်နှင့် နီကိုးဘားကျွန်းတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

(၂၉-၁၀-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၂ ~ ၃၆၇၀	၅၅၇ ~ ၅၅၈	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၉,၁၈၆,၄၉၈.၆၇	၁၅,၉၆၁,၉၇၈.၇၀	၂၀,၈၈၈,၅၇၅.၈၇	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၉ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၁၀ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၂၀,၀၀၀	၂၀,၀၀၀	၅၁၀	၁၀,၂၀၀,၀၀၀
MTSH	၈,၄၀၀	၈,၄၀၀	၁၄,၀၅၂	၁၁၈,၀၃၆,၈၀၀
MCB	၁၃,၀၀၀	၁၂,၅၀၀	၃၀၄	၃,၈၀၂,၀၀၀
FPB	၆,၇၀၀	၆,၇၀၀	၁,၀၄၀	၆,၉၆၈,၀၀၀
TMH	၃,၂၅၀	၃,၂၅၀	၀	၀
EFR	၁,၆၅၀	၁,၆၀၀	၅,၄၄၀	၈,၆၈၅,၀၀၀
AMATA	၄,၂၀၀	၄,၃၀၀	၄၆၈	၁,၉၆၆,၇၀၀
MAEX	၆,၃၀၀	၆,၄၀၀	၉၉၀	၆,၂၉၇,၀၀၀
MADPL(PLB)	၆,၃၀၀	၆,၃၀၀	၆၇၃	၄,၂၃၉,၉၀၀
ASPGB(PLB)	၅,၅၀၀	၅,၄၀၀	၁၂,၈၀၂	၆၉,၄၆၀,၁၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း - ခင်မို့မို့အောင်၊
သတင်းထောက်များ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ
အငယ်တန်း - အောင်ကျော်ဦး၊ သန်းတင်အောင်
သတင်းထောက်များ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

✪ ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဧနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ အကဲဖြတ် ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသား ဦအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်ပရိသတ်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်များ အားလုံး မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ရင်း အမျိုးသားအကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်နိုင်ကြပါစေရန် ဆုမွန်ကောင်း တောင်း နှုတ်ခွန်းဆက်သပါကြောင်း။

ယနေ့အခမ်းအနားသည် ပြိုင်ပွဲဝင် အနုပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကို ဂုဏ်ပြုသည့် အခမ်းအနားဖြစ်သကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြရန် အားပေးတိုက်တွန်းသည့် အခမ်းအနားလည်း ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို မျိုးဆက်သစ်လူငယ်များ၏ အမျိုးသားရေးစိတ်ဓာတ်နှင့် ယဉ်ကျေးမှုအမွေအနှစ်အပေါ် မြတ်နိုးတန်ဖိုးထားမှုများ ပိုမိုရှင်သန်လာစေရန် ရည်ရွယ်ပြီး နိုင်ငံတော်အဆင့်အဖြစ် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုပါက (၂၇)ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ယခင်နှစ် (၂၆)ကြိမ်မြောက်ပြိုင်ပွဲတွင် မန္တလေးငလျင်ကြီးကြောင့် ပြိုင်ပွဲအမျိုးအစားအချို့ မကျင်းပနိုင်ခဲ့သော်လည်း အနုပညာရှင် ၁၇၃၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ် ၃၁၃ ဆု ချီးမြှင့်နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဝါသနာရှင်အဆင့်ပြိုင်ပွဲများ၊ ဇာတ်တော်ကြီးနှင့် ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲများကို ပြန်လည်ထည့်သွင်းကျင်းပနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲဝင်အနုပညာရှင် ၂၃၄၆ ဦးအထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ယင်းသည် မြန်မာ့ရိုးရာ အနုပညာကို ချစ်မြတ်နိုးသည့်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ ကြားတွင် စိတ်ဝင်စားမှုနှင့် ပါဝင်မှုတိုးမြင့် လာသည်ကို ဖော်ပြနေကြောင်း။

ပြိုင်ပွဲဝင် အနုပညာရှင်အားလုံး၏ ကြိုးပမ်းအားထုတ်မှု၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၏ တာဝန်ကျေပွန်မှုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကို အသိအမှတ်ပြုကြောင်း၊ အနုပညာကို ချစ်မြတ်နိုးပြီး အားပေးကြသည့် ပရိသတ်အားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း။

ထို့အပြင် ယခုနှစ်တွင် မျိုးဆက်သစ် လူငယ်များ ဆုပိုမိုရရှိလာသည်ကို တွေ့ရသည့်အတွက်လည်း ချီးကျူးဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း၊ မှာကြားလိုသည်မှာ ဆုရရှိခြင်းသည် မိမိတို့၏ ကြိုးစားအားထုတ်မှုအတွက် ထိုက်တန်သည့် အသိအမှတ်ပြုမှုဖြစ်သကဲ့သို့ မိမိတို့ တတ်မြောက်ထားသည့် အနုပညာ ပညာရပ်များကို ပိုမိုတိုးတက် အောင် ဆက်လက်လေ့လာလေ့ကျင့်ပြီး အနာဂတ် မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးနိုင်ရန်လည်း အရေးကြီးသည့် တာဝန်တစ်ရပ်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ဆိုပါက သဘာဝသယံဇာတ၊ ခေတ်မီ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သကဲ့သို့ နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်များကို ရှင်သန်စေမည့် အမျိုးသားယဉ်ကျေးမှုအခြေခံများ ခိုင်မာရန်လည်းလိုအပ်ကြောင်း။

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကိုယ်စားပြုပြိုင်ပွဲဝင်များက သီဆိုကပြ တီးခတ်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

❖ ယနေ့ခေတ် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကြားတွင် နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖော်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်

❖ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရန်ဆိုပါက မျိုးဆက်သစ်လူငယ်များတွင် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးလေးစားတန်ဖိုးထားမှုများ ရှင်သန်ခိုင်မာနေရန်လို

❖ ယင်းစိတ်ဓာတ်များကို အနုပညာစွမ်းပကားဖြင့် မြှင့်တင်ပေးနိုင်မည်ဆိုပါက ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအကျိုးကို ကာကွယ်စောင့်ရှောက်လိုစိတ်များ ပိုမိုခိုင်မာလာမည်ဖြစ်

»» စာမျက်နှာ ၃ မှ

မြန်မာ့ရိုးရာ ယဉ်ကျေးမှုဟူသည် နေရာတွင် ဝတ်စားဆင်ယင်မှု၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် လူမှုကျင့်ဝတ်များသာမက မဟာဂီတ၊ ခေတ်ဟောင်း ကာလပေါ်တေးသီချင်း၊ မြန်မာ့မှုဟန်အက၊ ရိုးရာတူရိယာ၊ ဇာတ်သဘင်နှင့် ရုပ်စုံသဘင်တို့ အပါအဝင် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းလာသည့် တန်ဖိုးရှိသော အနုပညာအမွေအနှစ်များကိုလည်း ဆိုလိုကြောင်း၊ အထူးသဖြင့် ဇာတ်တော်ကြီးနှင့် ရုပ်စုံသဘင်တို့မှတစ်ဆင့် အကျိုးအကြောင်းအဆိုးအကောင်းနှင့် မင်္ဂလာတရားများကို သင်ယူနိုင်ကြောင်း။

ယင်းပြိုင်ပွဲကြီးများသည် အနုပညာဆိုင်ရာပြိုင်ပွဲဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းသည့်ပွဲ၊ မျိုးဆက်သစ်အနုပညာရှင် မောင်နှမများ ပေါင်းကူးယှက်နွယ်သည့်ပွဲ၊ တစ်နည်းအားဖြင့် တိုင်းရင်းသားသွေးချင်းညီအစ်ကို မောင်နှမများယဉ်ကျေးမှုနှင့် ချစ်ကြည်ရင်းနှီးမှု ပေါင်းစည်းသည့်ပွဲဟု ဆိုနိုင်ကြောင်း။

ယနေ့ခေတ် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများကြားတွင် နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖော်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရန်ဆိုပါက မျိုးဆက်သစ်လူငယ်များတွင် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးလေးစားတန်ဖိုးထားမှုများ ရှင်သန်ခိုင်မာနေရန်လိုအပ်ကြောင်း၊ ယင်းစိတ်ဓာတ်များကို အနုပညာစွမ်းပကားဖြင့် မြှင့်တင်ပေးနိုင်မည်ဆိုပါက ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအကျိုးကို ကာကွယ်စောင့်ရှောက်လိုစိတ်များ ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာ့သမိုင်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုနှင့် လူမှုကျင့်ဝတ်တန်ဖိုးများကို မျိုးဆက်သစ်လူငယ်များ သိရှိနားလည်ပြီး မြတ်နိုးထိန်းသိမ်းလာစေရန် လိုအပ်ကြောင်း၊ အလားတူ ဝါရင့်အနုပညာရှင်ကြီးများ၏ ပညာနှင့်အတွေ့အကြုံများကိုလည်း လူငယ်များထံ လက်ဆင့်ကမ်းပေးကြရမည်ဖြစ်ကြောင်း၊ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များသည် လက်တွေ့လေ့ကျင့်သင်ယူမှုနှင့် ဆရာတပည့် အစဉ်အလာကို အခြေခံသောကြောင့် ပညာရှင်ကြီးများ၏ သင်ကြားပြသမှုနှင့် လူငယ်များ၏ ကြိုးစားသင်ယူမှုတို့ပေါင်းစပ်မှသာ ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း မဟာဂီတ၊ ရိုးရာတူရိယာ၊ မြန်မာ့မှုဟန်အက၊ ဇာတ်သဘင်နှင့် ရုပ်စုံသဘင်တို့၏ တန်ဖိုးရှိသည့် အနုပညာလက်ရာများကို ခေတ်မီဒီဂျစ်တယ်နည်းပညာဖြင့် စနစ်တကျ မှတ်တမ်းတင်ထိန်းသိမ်းပြီး မျိုးဆက်သစ်များလေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုများကို အပြန်အလှန်လေးစားပြီး ပြည်ထောင်စု စည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ကြရန်၊ ခေတ်မီနည်းပညာများကို အကျိုးရှိရှိ အသုံးချပြီး မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်သမ္မတက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ စာမျက်နှာ ၅ မှ »»



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာရေအိုးရွက်အကအဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



ဒုတိယသမ္မတ ဦးညီစော ကချင်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် မောင်စောရန်နိုင်နှင့်အဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ကမျာလွတ်အကပြိုင်ပွဲတွင် ဒုတိယဆု ရရှိသည့် မအိသဥ္ဇာမွန်နှင့်အဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ အဆို(မဟာဂီတ)ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဦးရဲဝင့်လှိုင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး အဆို(မဟာဂီတ) ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသူ မပန်းအိဇင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အဆို (ခေတ်ဟောင်း/ကာလပေါ်)ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဦးအောင်စိုးမိုး(ခ) ဇေယျာအောင်စိုးမိုးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် ဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း အဆို (ခေတ်ဟောင်း/ကာလပေါ်) ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရရှိသူ မစုရတီအောင်(ခ) ဝိုင်းရတီအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင် သုဝဏ္ဏသာမရုပ်စုံသဘင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တော်ဝင်ရုပ်စုံအမြင့်သဘင် အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးကိုကိုဦး အကပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)(အမျိုးသမီး)ပြိုင်ပွဲတွင် မနှင်းစန္ဒာဖြိုးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင် (ပထမတန်း) အဆင့်တွင် ပထမဆုရရှိသူ ဦးဝင်းမင်းဌေး(ခ) တက္ကသိုလ်အားမာန် အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး အဝီး(စောင်း)ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသူ မောင်ကြည်သာဗိုလ် (ခ) ကြည်သာစိုးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

»» စာမျက်နှာ ၄ မှ

တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ထို့နောက် "သယံဇာတပေါကြွယ်ဝသည့် ပြည်နယ်" ဟုအဓိပ္ပာယ်ရရှိသည့် ကချင်ပြည်နယ်၊ ကချင်ရိုးရာ "ဆွတ်ငိုင်မုန်း"အကဖြင့် ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့က ဖျော်ဖြေကပြ တင်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညီစောက ကချင်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲတွင် အထူးဆု၊ ပထမ၊ ဒုတိယ နှင့် တတိယဆုရရှိသည့် အဖွဲ့များကို လည်းကောင်း၊ ဒုတိယသမ္မတ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒေါ်နန်းနီနီအေးက ကဗျာလွတ်အက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အဖွဲ့များကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးခင်ရီက အဆို(မဟာဂီတ) ပြိုင်ပွဲ ဝါသနာရှင် အဆင့်(ပထမတန်း)(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေးက အဆို(မဟာဂီတ) ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အဆို (ခေတ်ဟောင်း/ကာလပေါ်)ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား၊ အမျိုးသမီး)အဆင့်တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ စာမျက်နှာ ၆ သို့ »»



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် အဝီး(စန္ဒရား) ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဦးအာကာလင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် အဝီး(ပတ္တလား) ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဒေါ်ချစ်ဆုဝေစတင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၉

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် ချီးမြှင့်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ် အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသား ညီအစ်ကိုမောင်နမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး ရည်မှန်းချက်ကို ဖော်ဆောင်ပေးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သဖြင့် ပါဝင်ကြိုးပမ်းခဲ့ကြသည့် အနုပညာရှင်ကြီးများနှင့် အကဲဖြတ် အဖွဲ့ဝင်များအားလုံးလည်း နိုင်ငံတော်အစိုးရနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူနေကြမည်ဟု ယုံကြည်ကြောင်း။

ယခု ကျင်းပပြီးစီးခဲ့သည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၏ ကြီးကြပ်ဆောင်ရွက်ပေးမှု၊ ပြိုင်ပွဲဝင်မျိုးဆက်သစ် အနုပညာရှင်လူငယ်များ၏ တက်တက်ကြွကြွကြိုးပမ်းအားထုတ် ပါဝင်ယှဉ်ပြိုင်မှုများကြောင့် မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဆုရရှိမှုကိုကြည့်မည် ဆိုပါကလည်း ရွေတံဆိပ်ဆု ၁၉၅ ခု၊ ငွေတံဆိပ်ဆု ၁၆၇ ခု၊ ကြေးတံဆိပ်ဆု ၁၆၅ ခု၊ နှစ်သိမ့်ဆု နှစ်ခုနှင့် အထူးဆု နှစ်ခု စုစုပေါင်း ၅၃၁ ဆုအထိ တိုးမြှင့်ချီးမြှင့်နိုင်ခဲ့သောကြောင့် အားရကျေနပ်ဖွယ်ရာဖြစ်ကြောင်း ကိုတွေ့ရှိရကြောင်း။

နိုင်ငံတော်အနေဖြင့်အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် အသွင် သဏ္ဌာန်ရော အနှစ်သာရပါပိုမိုပြီး အမျိုးသားရေးအဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် နှစ်စဉ်ကျင်းပပေးလျက် ရှိကြောင်း၊ ပြိုင်ပွဲကြီး၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော် နိုင်စေရေးအတွက် ပညာရှင်ကြီးများအားလုံးက ပညာရပ်ဆိုင်ရာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့်အတွက် နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ဂုဏ်ပြုသည်ကို အလေးအနက်ပြောကြားလိုကြောင်း။

စာမျက်နှာ ၇ သို့ ↓

»» စာမျက်နှာ ၅ မှ

ထို့နောက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများက ပြိုင်ပွဲဘာသာရပ်နှင့် အဆင့်အလိုက် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲတွင် အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကိုယ်စားပြု ပြိုင်ပွဲဝင်များက သီဆိုကပြတီးခတ် ဖျော်ဖြေတင်ဆက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆုချီးမြှင့်ပွဲ အခမ်းအနား အပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတက အခမ်းအနား တက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆုတံဆိပ်ရရှိမှုများ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ၁၅၁ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၁၀၇ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၉ ဆု၊ မကွေးတိုင်းဒေသကြီးမှ ဆု ၃၀၊ ပဲခူးတိုင်းဒေသကြီးမှ ဆု ၄၀၊ မွန်ပြည်နယ်မှ ၃၄ ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၃ ဆု၊ ရှောဝတီတိုင်းဒေသကြီးမှ ၂၉ ဆု၊ ကရင်ပြည်နယ်မှ ဆု ၂၀၊ ကယားပြည်နယ်မှ ၁၄ ဆု၊ ချင်းပြည်နယ်မှ ၁၁ ဆု၊ ကချင်ပြည်နယ်မှ ၉ ဆု၊ ရှမ်းပြည်နယ်မှ ၆ ဆုနှင့် ရခိုင်ပြည်နယ်မှ ၈ ဆုရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

> ပြည်ထောင်စု ဝန်ကြီး ဦးတင်ဦးလွင် အတီး(နဲ့)ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဦးနေလင်း(ခ) နေ့ငင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အင်အားအနည်းငယ်ရှိ မြေလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့မွန်းလွဲ ၁ နာရီ ၁၂ မိနစ် ၄၆ စက္ကန့်တွင် ကန့်ဘလူ မြေလျင်စခန်းမှ အနောက်-အနောက်မြောက်ဘက် ၅၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မော်လိုက်မြို့၏ အရှေ့တောင်ဘက် ၂၇ မိုင်ခန့်အကွာ)။ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၃၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၇၁ ဒီဂရီ၊ အနက် ၉၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M) အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေလျင် တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**



ဖောင်းပြင်မြို့နယ်၌ မိုးစပါးများ အောင်မြင်ဖြစ်ထွန်း

ဖောင်းပြင် အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးစပါး စိုက်ပျိုးရာသီက စပါးစိုက်ပျိုးရန် မိုးရေလုံလောက်စွာ ရရှိခဲ့သဖြင့် စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းခဲ့သည်။

တောင်သူများအနေဖြင့် မကြာမီရက်ပိုင်းအတွင်း မိုးစပါးများ ရိတ်သိမ်းကြမည်ဖြစ်ပြီး ယခင်နှစ်များထက် အထွက်နှုန်းပိုမိုရရှိနိုင်မည် ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

မြို့နယ်အနေဖြင့် ယခုနှစ် မိုးစပါးစိုက်ကေပေါင်း ၄၉၄၈၁ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ဆင်းဧကရီ (၃) ၁၅၉၈၅ ဧက၊ ရောမင်း ၁၈၉၉၅ ဧက၊ သုခရင် ၈၆၆၉ ဧက၊ မွှဲဘီ(၂) ၃၆၈၈ ဧက၊ ရွှေသေး ၅၉၉ ဧက၊ ကောက်ညှင်း ၁၅၄၅ ဧက စိုက်ပျိုးခဲ့ပြီး တောင်သူများအတွက် ဓာတ်မြေဩဇာများနှင့် ဖျိုးစေ့ချက်ရိယာများကို ဒေသပေါက်စေးနှုန်းအောက် လျှော့ချကာရောင်းချပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

+ စာမျက်နှာ ၆ မှ

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံတော်အဓိကရေး အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်တွင် တင့်တယ်စွာ ရပ်တည်နိုင်ရေးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး တည်ဆောက်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း လိုအပ်သည့် မိမိတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု အစဉ်အလာများ၊ လူမှုရေးကျင့်ဝတ်နှင့်တန်ဖိုးများ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြင့်တင်ရေးတို့ကိုလည်း စနစ်တကျကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နှစ်စဉ် ကျင်းပပေးလျက်ရှိသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများလည်း ပါဝင်ကြောင်း။

၂၁ ရာစုခေတ်တွင် ဆက်သွယ်ရေးနှင့် နည်းပညာပေါင်းစပ်နိုင်မှုကြောင့် အင်တာနက်ကို ကောင်းစွာအသုံးပြုလာနိုင်သကဲ့သို့ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လွှမ်းမိုးမှုများသည် နယ်စည်းမခြားတိုးပွားလာနေကြောင်း၊ ယင်းအခြေအနေတွင် မျိုးဆက်သစ်လူငယ်များ၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်များ ခိုင်မာရှင်သန်နေစေရေး အနုပညာရှင်များနှင့် တာဝန်ရှိသူအားလုံးက ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

လူငယ်အချို့ ခေတ်ရေစီးကြောင်းနောက်ကို လိုက်ပါရင်း ရိုးရာယဉ်ကျေးမှု တန်ဖိုးများကို လျစ်လျူရှုလာနိုင်သည့် အတွက် ယင်းအခြေအနေကို ပေါ့ပေါ့ဆဆ မထားကြရန် လိုအပ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြိုး၏ အောင်မြင်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပိုမို ရှင်သန်ထွန်းကားလာစေရေး အနုပညာရှင်ကြီးများအနေဖြင့် မိမိတို့၏ အနုပညာစွမ်းအားဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ခဲ့ကြသည့် အကဲဖြတ်ပညာရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

အနုပညာရှင်ကြီး များ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းနေမှုသည် အနာဂတ် နိုင်ငံတော်အတွက် ထူးခြားကောင်းမွန်သည့် အစဉ်အလာများ ပင်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးများ၏ အကျိုးကျေးဇူးကြောင့်လည်း ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အနုပညာရှင်များ အများအပြား ပေါ်ထွန်းလာနေသည်မှာ အားရဖွယ်ရာဖြစ်ကြောင်း၊ ယင်းသည် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများထံမှ အနုပညာအမွေများကို လက်ဆင့်ကမ်းပေးအပ်နိုင်မည့် အမွေခံထိုက်သည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများသည် ပြိုင်ပွဲကြီးကြပဲသူ ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ မျိုးဆက်သစ် အနုပညာရှင်များ အားလုံးနှင့် အနုပညာမျိုးဆက် အဆက်ဆက်အတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေပြီး နိုင်ငံနှင့် လူမျိုးအတွက်ပါ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနေသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်အောင်မြင် အောင်ကျင်းပပြီး ပြိုင်ပွဲကြီးများ၏ အကျိုးရလဒ်ကောင်းများ ကျယ်ပြန့်နက်ရှိုင်းစွာ တိုးပွား ဖြစ်ထွန်းလာစေရေး ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ အနေဖြင့် မျိုးဆက်သစ်အနုပညာရှင်များအပေါ် သားသမီးများ သဖွယ် မေတ္တာထားပြီး အနုပညာအမွေ ဆက်လက်ဖြန့်ဝေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါဝင်ကူညီခဲ့ကြသည့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများနှင့် ပါဝင်ဆောင်ရွက်သူအားလုံးကို ထပ်မံကျေးဇူးတင်ဂုဏ်ပြုလိုကြောင်း၊ လေးစားဂုဏ်ယူရသည့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော် ရှည်ကြပါစေကြောင်း၊ မိမိတို့ အသက်ထက်ဆုံး လေးစားမြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာအနုပညာရပ်များ ရေးရိုးအစဉ်အလာမပျက် ဆက်လက်ရှင်သန်ထွန်းကားနေစေရေး အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးနိုင်ကြပါစေကြောင်း၊ မြန်မာ့ရိုးရာ အနုပညာအမွေအနှစ်များ နောင်မျိုးဆက်များ အထိ ဆက်လက်ရှင်သန်ထွန်းကားပြီး မျိုးဆက်သစ် အနုပညာရှင်များ လည်း အဆက်မပြတ် ပေါ်ထွန်းလာကြပါစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဒေါ်ရွှေကူနန်းခွဲ့ခွဲ့၊ အကအကဲဖြတ် လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဒေါက်တာမောင်မောင်လတ်၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးစောဝင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများကိုယ်စား ရှမ်းပြည်နယ်မှ အုပ်ချုပ်သူတစ်ဦး၊ အခမ်းအနားမှူးများကိုယ်စား အခမ်းအနားမှူးတစ်ဦးနှင့် မြန်မာနိုင်ငံသားတစ်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင်များကိုယ်စား အကဲဖြတ်ပညာရှင် အလင်္ကာကျော်စွာ မြင်းမူမောင်နိုင်မိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနား တက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ် အတွင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ကျေးလက်ရိုးရာအကအဖွဲ့များ၊ အနုပညာရှင်ကြီးများက တေးသံသာများဖြင့် သီဆို၊ ကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ကြရာတွင် ဝါရင့်တေးသံရှင် စည်သူဒေါ်ထားက အဆိုပြိုင်ပွဲ (ခေတ်ဟောင်း/ ကာလပေါ်) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မတိမ်ပန်းချီဝိုးဆန်းနှင့် တွဲဖက်၍လည်း ကောင်း၊ ဝါရင့်တေးသံရှင် တက္ကသိုလ်လှဲလှဲက အဆိုပြိုင်ပွဲ (ခေတ်ဟောင်း/ ကာလပေါ်) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တွင် ပထမဆုရရှိခဲ့သည့် မသျှန်ယွန်းဖြူနှင့် တွဲဖက်၍လည်းကောင်း မျိုးဆက်သစ်များသို့ အနုပညာအမွေလက်ဆင့်ကမ်းကာ ပါဝင်သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက်လက်ဆင့်ကမ်းအမွေအစီအစဉ်အဖြစ် အသက်(၆၈) နှစ်ရှိ သဘင်ပညာရှင်ကြီး ဦးချမ်းသာနှင့်အသက်(၆၂)နှစ်ရှိ သဘင်ပညာရှင်ကြီး ဒေါ်နန်းခင်မွေးတို့နှင့် အတူ လက်ဆင့်ကမ်းအမွေကို ဆက်ခံကြမည့် မျိုးဆက်သစ် လူငယ်များဖြစ်ကြသည့် သဘင်ပညာရှင် ရွှေတံဆိပ်များရှင် တက္ကသိုလ် အားမာန်နှင့် ဝင်းသပြေထွန်း (ယဉ်ကျေးမှု)၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရ ကရင်ပြည်နယ်မှ မောင်မင်းကျဉ်ထက်ချမ်းနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ်မှ မချောစုထွေးတို့က ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတက အခမ်းအနား တက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ လက်ဆင့်ကမ်းအမွေ အစီအစဉ်ဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် လွှတ်တော်သို့ လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော် အဆောက်အအုံသဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် ယခုကဲ့သို့ လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့်အတွက် ဝမ်းမြောက်စွာ ဂုဏ်ယူကြိုဆိုပါကြောင်း၊ လွှတ်တော်များ၏ သက်တမ်းသည် နှစ်ယေးသည့်အတွက် ပြည်သူများအနေဖြင့် လွှတ်တော်များ၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များအကြောင်းကို သိရှိသူနည်းပါးပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ယခုလို တွေ့ဆုံစဉ် လွှတ်တော်များ၏ ဆောင်ရွက်ရသည့်လုပ်ငန်းတာဝန်များအကြောင်းကို အနည်းငယ်ပြောကြားလိုပါကြောင်း၊ လွှတ်တော်နှစ်ရပ်စနစ် ကျင့်သုံးသည့်နိုင်ငံဖြစ်ပြီး ပြည်ထောင်စုအဆင့်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လွှတ်တော်တစ်ရပ်စီရှိကြပါကြောင်း၊ အဆိုပါ လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားလွှတ်လပ်စွာရပ်တည်ကြသော်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန် ထိန်းကျောင်းခြင်းတာဝန်ကိုလည်း ကောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင်း မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ



ရွှက်ခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်း စသည့် လုပ်ငန်းတာဝန်များတွင် တူညီကြပါကြောင်း။

မိမိတို့လွှတ်တော်များအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ဥပဒေ၏ အကာအကွယ် အောက်တွင် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရန် လက်ရှိတည်ဆဲဥပဒေများကို ခေတ်ကာလနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်ခြင်းဖြင့် ဥပဒေပြုတာဝန်ကိုလည်း ကောင်း၊ မိမိတို့မဏ္ဍိုင်ကြီး(၃)ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားလွှတ်လပ်စွာရပ်တည်ကြသော်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန် ထိန်းကျောင်းခြင်းတာဝန်ကိုလည်း ကောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင်း မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းဖြင့် ပြည်သူကို ကိုယ်စားပြုခြင်း တာဝန်ကိုလည်းကောင်း စသည်ဖြင့် အသီးသီးတာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ အဆိုပါတာဝန်များကို မိမိတို့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများက အဓိကဆောင်ရွက်လျက်ရှိကြပါကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ပညာရေးဏ္ဍာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မိမိတို့လွှတ်တော်အနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များသည် ပြည်သူကို ကိုယ်စားပြုသည့် နေရာ၊ ပြည်သူ့အသံကို ဖော်ဆောင်ပေးသည့်နေရာ ဖြစ်၍ မိမိတို့ဒေသ၏ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း၊ ယနေ့ လွှတ်တော်သို့လာရောက်လေ့လာသည့်ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း စာကိုကြိုးစားသင်ယူပြီး အနာဂတ်တွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်မှ အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးပညာရှင်၊ ဥပဒေပညာရှင် နိုင်ငံသားကောင်း၊ သမီးကောင်းများဖြစ်လာစေရန် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ပညာရေးမြို့တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလှတင့်၊ ပြည်သူ့လွှတ်တော်သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းထွန်းဦးနှင့် အဖွဲ့ဝင် ဒေါက်တာကျော်ဆွေ၊ ခရမ်းမြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဝင်းဆွေ၊ ဦးအောင်သီဟနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉



ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် လွှတ်တော်ရေးရာဆောင် အဆောင်အမှတ်(၁-၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ကာလများအတွင်း လွှတ်တော် ကိုယ်စားလှယ်များ တင်သွင်းခဲ့သည့် အဆိုနှင့်မေးခွန်းများအပေါ် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဖြေကြားချက်များ၊ ကတိကဝတ် များကို ကော်မတီအနေဖြင့် ပြန်လည်ဖော်ထုတ် စိစစ်ပြီး အဓိကအချက်များကို ဦးစားပေး ညှိနှိုင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်အစည်းအဝေးကာလများအတွင်း မေးမြန်းခဲ့သည့် မေးခွန်းများအနက် ကတိကဝတ် ဖြစ်ပေါ်ခဲ့သည့် တတိယပုံမှန် အစည်းအဝေး တွင် အတည်ပြုအဆိုတစ်ခုနှင့် ကြယ်ပွင့်ပြကတိဖြစ် မေးခွန်း ၉၇ ခု၊ ဒုတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြ ကတိဖြစ်မေးခွန်း ၂၅၆ ခုနှင့် တတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြကတိဖြစ် မေးခွန်း ၈၀ စုစုပေါင်း ၄၃၄ ခု ရှိသည့်အနက် တိကျရှင်းလင်းသည့် အဓိကအချက်များကို ဦးစားပေး ပေါင်းစပ်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကြား အစိုးရအဖွဲ့မှဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များအပေါ် ပြည်သူလူထု၏ ယုံကြည်မှုရရှိစေရေးနှင့် ပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းစေရေးအတွက် စိစစ်ကြပ်မတ် တင်ပြပေးခြင်းဖြစ်ပြီး မရှင်းလင်းသည့် ကိစ္စရပ်များကို သေချာစွာ ညှိနှိုင်းဆွေးနွေးကြရန်နှင့် တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

တက်ရောက်

ထို့နောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက လွှတ်တော် အစည်းအဝေးများအတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့် ပတ်သက်၍ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကြပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ဆောင်ရွက်မှု အခြေအနေများကို တိကျမှန်ကန်စွာ တင်ပြနိုင်ရေးနှင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်စေရေးတို့အတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကိုညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အတူ အတွင်းရေးမှူး ဦးသန်းထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ရေတာရှည်မြို့နယ်ရှိ စားအုန်းဆီ အရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းရောင်းချနေမှု ကွင်းဆင်းစစ်ဆေး

ရေတာရှည် အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ စားအုန်းဆီ လက်လီ/လက်ကား ကိုယ်စားလှယ်အရောင်းဆိုင်၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် စားအုန်းဆီများရောင်းချနေမှု အခြေအနေကို စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်နေပြည်သူများအား သတ်မှတ်ထားသော ဈေးနှုန်းများ၊ အိမ်ထောင်စုအလိုက် စားအုန်းဆီ ဝယ်ယူခွင့်စာအုပ်များဖြင့် စနစ်တကျရောင်းချပေးမှု ရှိ၊ မရှိ နေ့စဉ် ရောင်းချသည့် ဈေးနှုန်းများကိုလည်း ဒီနိုင်းများဖြင့် စနစ်တကျချိတ်ဆွဲရောင်းချပေးမှုရှိ၊ မရှိကို စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပဲရဲညို လာဇာရိအား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးမူဘောင် အောက်တွင် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ၊ အထူးသဖြင့် ပူးပေါင်းဆောင်ရွက်မှုယန္တရားများ ပိုမိုခိုင်မာစေရေးနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာဆီယံမူဘောင်အောက်တွင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ထိန်းသိမ်းနိုင်မည့် နည်းလမ်းများ၊ မကြာမီကျင်းပမည့် (၄၈) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီး အစည်းအဝေးများဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရ၏ “တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး” နှင့် “နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး” အတွက် ဦးစားပေးရည်မှန်းချက် နှစ်ရပ်ထားရှိကာ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများ၊ ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ ပြည်ပမှ လက်ခံရရှိသည့် လူသားချင်းစာနာမှုအကူအညီများအပြင် အစိုးရအနေဖြင့် မိမိတို့၏ အရင်းအမြစ်များကို အသုံးပြု၍ ပြည်သူများအတွက် ကူညီပံ့ပိုးပေးနေမှုများ၊ ပြည်တွင်းရှိ ပြည်သူများနှင့် ပြည်ပရှိ မြန်မာနိုင်ငံသားများကို ကူညီစောင့်ရှောက် ပေးမှုများနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်း ပြောကြားခဲ့သည်။



ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အနေဖြင့် တာဝန်သိအဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံမူဘောင်အောက်တွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့် ပတ်သက်၍ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ အစိုးရ၏ ရှေ့လုပ်နိုင်စဉ်များ၊ ဦးတည်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အလေးထားပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့လာရောက်သည့် နောက်ဆုံးခရီးစဉ်အတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ အကူအညီ လိုအပ်သူများထံသို့ အကူအညီပေးအပ်ရေးလုပ်ငန်းစဉ်များကို လေ့လာကြည့်ရှုခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ယခုခရီးစဉ်အတွင်း လေ့လာသိရှိခဲ့ရမှုများကို မကြာမီကျင်းပမည့် (၄၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများကို ပြန်လည်ဖော်ဆောင်နိုင်မည့် မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန်နှင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီများ ပိုမိုပေးအပ်နိုင်ရန်အတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက နှစ်နိုင်ငံ မူဘောင်အောက်တွင် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ MGallery Sofitel ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၉

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ အတွက် နှစ်နိုင်ငံရေးထိုးထားသည့် Roadmap ကိုလက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ယနေ့နေ့ မွန်းလွဲပိုင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် နှင့်အဖွဲ့သည် ဘယ်လာရုစ် သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။



တွေ့ဆုံစဉ် ဘယ်လာရုစ် သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးက မိမိတို့နိုင်ငံတွင် နျူကလီးယားနှင့် သဘာဝဓာတ်ငွေ့ နှစ်မျိုးမှ လျှပ်စစ်ဓာတ်အား အဓိကထုတ်လုပ်ကြောင်း၊ နျူကလီးယားဓာတ်အား ပေးစက်ရုံနှင့်စပ်လျဉ်း၍ အတွေ့အကြုံများစွာရှိကြောင်း၊ သဘာဝဓာတ်ငွေ့ကို ရုရှားနိုင်ငံမှ ဝယ်ယူသုံးစွဲနေရသဖြင့် ရှာဖွေထုတ်လုပ်ရေးပိုင်းတွင် အတွေ့အကြုံမရှိသော်လည်း သဘာဝဓာတ်ငွေ့ ပို့လွှတ်ဖြန့်ဖြူးမှုနှင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးမှုတို့တွင် မိမိတို့အနေဖြင့် အကောင်းဆုံးသော နည်းပညာများရှိပြီး ဖြစ်သဖြင့် လေလွှင့်ဆုံးရှုံးမှုအနည်းဆုံးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးက နျူကလီးယားဓာတ်အားပေးစက်ရုံ လည်ပတ်နိုင်ရန်အတွက် ပရော်ဖက်ရှင်နယ် ကျွမ်းကျင်လုပ်သားများနှင့် အင်ဂျင်နီယာများအား လေ့ကျင့်ပေးနိုင်ရေးသည် အရေးကြီးကြောင်း၊ ဘယ်လာရုစ် သမ္မတနိုင်ငံ၏ ဓာတ်အားပေးစက်ရုံများသို့ On Job Training စေလွှတ်သွားလိုကြောင်း၊ မကြာမီ အချိန်တွင် မြန်မာနိုင်ငံ၌ ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစနစ်ကို စတင်အသုံးပြုတော့မည်ဖြစ်သည့်အတွက် ပို့လွှတ်ရေးနှင့် စောင့်ကြည့် ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ပိုမိုစနစ်ကျ နိုင်ရန်အတွက် ကျွမ်းကျင်သော အင်ဂျင်နီယာများ စေလွှတ်၍ လုပ်ငန်းခွင် လက်တွေ့သင်တန်းများ သင်ကြားပေးစေလိုကြောင်း၊ မဟာဓာတ်အားလိုင်းများ အပါအဝင် ဓာတ်အားလိုင်းများနှင့် Switchyard များ၊ Transformer များတွင် နည်းပညာဆိုင်ရာ ဓာတ်အားလေလွှင့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ မိမိတို့အသုံးပြုနေသည့် သက်တမ်းကြာမြင့်နေပြီဖြစ်သော High Tension ကေဘယ်ကြိုးများကို ဘယ်လာရုစ် သမ္မတနိုင်ငံမှ ထုတ်လုပ်သည့် လျှပ်ကူးမှုပိုမိုကောင်းမွန်ပြီး ကြံ့ခိုင်မှုကောင်းသည့် Composite ကေဘယ်များဖြင့် အစားထိုးလဲလှယ် အသုံးပြုသွားရန် စိတ်ဝင်စားကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ ဆုံရှုံးလေလွှင့်မှုများ လျှော့ချနိုင်ရေးအတွက် အမြဲဆုံးပူးပေါင်း ဆောင်ရွက်သွားလိုကြောင်း၊ ဓာတ်မြေဩဇာကုန်ရုံများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်သွား လိုပါကြောင်း ပြောကြားပြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင့်ချင်းဖလှယ် ဆွေးနွေးကြသည်။

အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင့်စ်မြို့ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကဏ္ဍတွင် အသုံးပြုသည့် ထရန်စဖောမာများ ထုတ်လုပ်သည့် စက်ရုံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်အားဖြန့်ဖြူးသည့် ကွန်ရက်များအား Design ပြုလုပ်သည့်ဌာန၊ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ ပို့လွှတ်ဖြန့်ဖြူးနေသည့် Control Center များ၊ လျှပ်စစ် ကေဘယ်ကြိုးများ ထုတ်လုပ်သည့်လုပ်ငန်းများနှင့် ရေနံဓာတုဗေဒလုပ်ငန်းတို့ကို သွားရောက်လေ့လာကြည့်ရှုကြကြောင်း သိရသည်။

သတင်းစဉ်

ဇလွန်မြို့နယ်ရှိ ဇရာဝတီ - ဟင်္သာတတာ တာမိုင် ၂၉/၆ မှ ၃၀/၄ အတွင်းရှိ ညောင်ပင်သာပန်းတာအား ပွင့်လင်းရာသီတွင် အခိုင်အမာ ပြုပြင်ဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၂၉

ဇရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ရှိ ဇရာဝတီ-ဟင်္သာတတာ တာမိုင် ၂၉/၆ မှ ၃၀/၄ အတွင်းရှိ ညောင်ပင်သာပန်းတာအား ပွင့်လင်းရာသီတွင် အခိုင်အမာ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် အောက်တိုဘာ ၂၆ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစဉ် တာကိုယ်ထည် ကြံ့ခိုင်မှုရှိစေရန်အတွက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ မြေသားကောင်းများကို ရွေးချယ်၍ ဖို့ကြိတ်ရန်၊ တာတမံများ ရေရှည်တည်တံ့ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုကပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော တာတမံဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ကြရန်၊ တာတမံနယ်နိမိတ်အတွင်း တာတမံဥပဒေပါ တားမြစ်ချက်များနှင့် မလွတ်ကင်းသော ဆောင်ရွက်ချက်များ၊ ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သည့် ကျူးကျော်လုပ်ဆောင်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်တားဆီးသွားရန်၊ တာတမံ ကြံ့ခိုင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ ဟန်ချက်ညီညီ ပူးပေါင်း၍ ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာ ညောင်တုန်းကျွန်းတာ (ဇရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၅ မှ ၁၃/၃ မိုင်ကိုလည်းကောင်း၊ မအူပင်မြို့နယ် ထန်းရောတံခါးနှင့် လှိုင်းတာရောတံခါးတို့၏ ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ သန်လျင်မြို့နယ် ဇာမဏီအင်းရေလှောင်တမံနှင့် ကျောက်တန်းမြို့နယ် ဘန့်ဘွေကုန်းရေလှောင်တမံ ကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉



သင်တန်းဆင်းမောင်မယ်များအနေဖြင့် တာဝန်ကျရာဒေသများ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲတွင် သင်တန်းဆင်းလူငယ်များကို မှာကြားသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ပညာရေးတာဝန်များကို ထမ်းဆောင်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပြီး နိုင်ငံတော်၏ကျေးဇူးတရားကို သိရှိကာ မိမိတို့တာဝန်ကျရာ ဒေသများရှိ တိုင်းရင်းသားလူငယ်များကို အနာဂတ်နိုင်ငံ့တာဝန်များ ထမ်းဆောင်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စံပြထူးချွန်ဆု၊ ဆရာအတတ်ပညာဘာသာထူးချွန်ဆု၊ စာပေဘာသာထူးချွန်ဆု(ဝိပွံဘွဲ့) ဆုရကျောင်းသားကျောင်းသူများအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက စာပေဘာသာထူးချွန်ဆု(သိပွံဘွဲ့)၊ စာပေဘာသာထူးချွန်ဆု(ဝိဇ္ဇာဘွဲ့) ကျောင်းသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီးက တိုင်းရင်းဘာသာစာပေနှင့် ယဉ်ကျေးမှုထူးချွန်ဆု၊ ဖွံ့ဖြိုးရေးဘာသာ ထူးချွန်ဆုရ ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ကြပြီး တိုင်းပညာရေးမှူးက သင်တန်းဆင်းကျောင်းသား ကျောင်းသူ ၁၈၁ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်းသဘင်ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများကို တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် တက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ Theatre ခန်းမ၌ အောက်တိုဘာ ကျောင်းပိတ်ရက် လေ့ကျင့်ရေးကာလအတွင်း ကျောင်းသားကျောင်းသူများ၏ အထွေထွေဗဟုသုတယှဉ်ပြိုင်နေမှု၊ တက္ကသိုလ်စာကြည့်တိုက် အကြီးစားပြင်ဆင်နေမှု၊ သက်သာချောင်ချိရေး အရောင်းဆိုင်၊ မွေးမြူရေးအစာစပ်စက်ရုံ၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်၊ မိုးလုံလေလုံအားကစားရုံခန်းမတွင် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသူများ လေ့ကျင့်နေမှု၊ ဥစားကြက်၊ အသားစားကြက်၊ ဝက်မွေးမြူရေးနှင့် ငါးခူမွေးမြူရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သင်တန်းဆင်းကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာရပ်များ တတ်မြောက်စေပြီး ၎င်းတို့၏ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ထိထိရောက်ရောက်ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊စစ်ကိုင်း) တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ချင်းပြည်နယ်အတွင်းရှိ လမ်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့စွာအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများနှင့် ရာသီဥတုပူပြင်း၍ ရေရှားပါးမှုဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများ ဖော်ထုတ်ဆွေးနွေးခြင်းအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ဟားခါး အောက်တိုဘာ ၂၉



ချင်းပြည်နယ်အတွင်းရှိ လမ်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများနှင့် ရာသီဥတုပူပြင်း၍ ရေရှားပါးမှုဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများ ဖော်ထုတ်ဆွေးနွေးခြင်းအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် အဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်နှင့် အဖွဲ့ဝင်ပညာရှင်များ ချင်းပြည်နယ်ရောက်ရှိလာသည့် အချိန်ကာလအတွင်း ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အင်ဂျင်နီယာနည်းပညာပိုင်းအပြင် စီမံခန့်ခွဲရေးပိုင်းတွင်လည်း တတ်သိပညာရှင်များ ဖြစ်သောကြောင့် ချင်းပြည်နယ်အတွင်း ဆောက်လုပ်ထားသည့်လမ်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများနှင့် ရာသီဥတုပူပြင်း၍ ရေရှားပါးမှုဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများနှင့် စပ်လျဉ်းပြီး ဆက်စပ်သည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ တတ်သိပညာရှင်များ ရှိနေချိန် ပြုလုပ်ရသည့်အလုပ်ရုံဆွေးနွေးပွဲ ဖြစ်သည့်အတွက် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးပေးကြစေလိုကြောင်းအမှာစကား ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က ချင်းပြည်နယ်အတွင်း လမ်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ရာသီဥတုပူပြင်း၍ ရေရှားပါးမှုဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးသန်းထူးအောင်နှင့် ကျန်းမာရေးဝန်ကြီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ကံကောင်းတို့က ချင်းပြည်နယ်အတွင်း လမ်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့စွာအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ရာသီဥတုပူပြင်း၍ ရေရှားပါးမှုဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အကြံပြု ဖြည့်စွက်ဆွေးနွေး မေးမြန်းကြပြီး မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သာကေတမြို့နယ်ရှိ စက်ရုံအလုပ်ရုံများ၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက သာကေတမြို့နယ် မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်နှင့် အရန်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပူးပေါင်း၍ ဧရာဝဏ်လမ်းရှိ CNTIC V-Power လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ U Energy လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သာကေတစက်မှုဇုန်၊ Victory myanmar group Co.,ltd. နှင့် နီလာဒံပေါက်လုပ်ငန်းတို့တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်အသုံးပြု နိုင်မှုရှိ/မရှိ စစ်ဆေးဆောင်ရွက်ခြင်းတို့အပြင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာအသိပညာပေးခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပေးညွှန်ကြားခြင်းများကို ဆောင်ရွက်သည်။

သာကေတမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနက အရှိန်အဟုန်မပျက်ကွင်းဆင်းစစ်ဆေးခြင်းများအပြင် အသံချဲ့စက်၊ ဟမ်းစပီကာများဖြင့် ရပ်ကွက်များအတွင်း လှည့်လည်အသိပညာပေးနှိုးဆော်မှုများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)



MSMEs များ စဉ်ဆက်မပြတ် တိုးတက်မှုနည်းလမ်းများ အပိုင်း(၃)

ဒေါက်တာမောင်အောင်

MSMEs များအတွက်
လယ်ယာအခြေပြုစက်မှုလုပ်ငန်းများ

မြန်မာ့စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် MSMEs များ စဉ်ဆက်မပြတ်တိုးတက်မှုဖော်ဆောင်နိုင်ရေးအတွက် အပိုင်း(၁)တွင် ပို့ကုန်ဦးတည်ပြီး နိုင်ငံတကာရောင်းချနိုင်သည့် MSMEs များဖြစ်ပေါ်လာရေး၊ အပိုင်း(၂)တွင် MSMEs များ တိုးတက်နိုင်သည့် အခြေခံနည်းလမ်း ခုနစ်မျိုးတို့ကို ဖော်ပြပြီးဖြစ်ပြီး ယခုအပိုင်း (၃)တွင် MSMEs များ အဓိကလုပ်ဆောင်မည့် လယ်ယာကုန်စည်များနှင့် ပတ်သက်၍ တန်ဖိုးမြှင့်တင်နိုင်ရန်အတွက် တန်ဖိုးမြှင့် ဆင့်တက်ပြုပြင်လုပ်ငန်းများနှင့် လယ်ယာအခြေခံစက်မှုလုပ်ငန်းများ ပိုမိုချဲ့ထွင်လုပ်ဆောင်သည့်နည်းလမ်းကို ဖော်ပြမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စီးပွားရေးတိုးတက်မှုမဟာဗျူဟာကို လယ်ယာအခြေပြုစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်း (Agro – based Industries Development) နည်းလမ်းကို စတင်အကောင်အထည်ဖော်နေမှုကြောင့် မြင်သာပြီး ထိရောက်သည့် ပုံပိုးမှုများဖြင့် လုပ်ဆောင်နေပြီဖြစ်သည်။

စက်မှုလုပ်ငန်း လုပ်ဆောင်ခြင်းသည် မြွှောက်ဖော်ကိန်းအကျိုးသက်ရောက်မှု (Multiplier Effect) အများဆုံးဖြစ်ပြီး စက်မှုလုပ်ငန်း လုပ်ဆောင်ရာတွင် သွင်းအားစုအပိုင်းနှင့် ဆက်စပ်နေသည့် ရှေ့သို့ကွင်းဆက်များနှင့်ထုတ်လုပ်ပြီး ကုန်ချောများ ဖြန့်ဖြူးရောင်းချမှုနှင့်ပတ်သက်သည့် နောက်သို့ကွင်းဆက်များအထိပါ အကျိုးဝင်သောကြောင့် ဆက်စပ်နေသည့်လုပ်ငန်းများ တိုးတက်စေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ဈေးကွက်တန်ဖိုးမြှင့်တင်နိုင်ခြင်းနှင့် ချဲ့ထွင်နိုင်ခြင်း စသည်တို့ကြောင့် လူမှုစီးပွားရေးအကျိုးသက်ရောက်မှုများသည့်အပြင် ထုတ်ကုန်တန်ဖိုးကို သိသာစွာမြှင့်တင်ပေးနိုင်ခြင်းကြောင့် နိုင်ငံတိုင်းက စက်မှုထုထောင်ခြင်းလမ်းစဉ်ကို ဦးစားပေးဖော်ဆောင်လေ့ရှိသည်။

ယခုအခါတွင် နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာအခြေပြုစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးဦးစားပေးလုပ်ဆောင်နေပြီဖြစ်၍ အဆိုပါလုပ်ငန်းများကို MSMEs အပါအဝင် စီးပွားရေးလုပ်ငန်းများက လုပ်ဆောင်ရမည်ဖြစ်သည်။ MSMEs များအနေဖြင့် အဆိုပါလုပ်ငန်းအစီအစဉ်များကို လုပ်ဆောင်ရာတွင် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ရရှိနိုင်မှုတို့အပြင် ရှိုးရှင်းလွယ်ကူမှု စသည့်အချက်များအပေါ် မူတည်၍ အဆင့်များခွဲခြားပြီး လုပ်ဆောင်သင့်ပါသည်။

အခြေခံဆင့်တက် ပြုပြင်လုပ်ငန်းများ၊
အပေါ့စားနှင့် အစားထိုးလယ်ယာအခြေပြု
စက်မှုလုပ်ငန်းများ

ပထမအဆင့်အနေဖြင့် အရင်းအနှီး၊ နည်းပညာများစွာမလိုဘဲ အမြန်ဆုံးစတင်လုပ်ဆောင်နိုင်သည့် နည်းလမ်းမှာ အခြေခံဆင့်တက်ပြုပြင်လုပ်ငန်းများနှင့် အပေါ့စားစက်မှုလုပ်ငန်းများဖြင့် စတင်သင့်ပါသည်။ ဆိုလိုသည်မှာ လယ်ယာကုန်စည်အစိုများ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အသားငါးများနှင့် ပတ်သက်၍ အချိန်တိုအတွင်း ပုပ်သိုးပျက်စီးလွယ်သည့်အတွက် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန် လုပ်ဆောင်နိုင်သည့်နည်းလမ်းများမှာ အခြောက်လှန်းခြင်း၊ ယိုထိုးခြင်း၊ အချဉ်တည်ခြင်း၊ အကြော်အလှော် လုပ်ဆောင်ခြင်း၊ အေးခဲခြင်း၊ စည်သွတ်ဘူးပြုလုပ်ခြင်း၊ အမှုန့်ကြိတ်၍ စားသောက်ကုန်အမျိုးမျိုး ပြုလုပ်ခြင်း စသည်တို့ဖြစ်သည်။

သဘာဝနေရောင်ခြည်ကို သုံး၍လည်းကောင်း၊ စက်များဖြင့်လည်းကောင်း မြင့်မားသည့်အပူချိန်ဖြင့် လုပ်ဆောင်နိုင်သလို အအေးခန်းသိုလှောင်မှုစနစ်ဖြင့်လည်း အေးခဲစားသောက်ကုန်များပြုလုပ်ခြင်း၊ တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ပြောင်းလဲခြင်း၊ အအေးခန်းသယ်ယူထောက်ပို့စနစ်ဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ ဖြန့်ဖြူးရောင်းချခြင်း စသည်တို့ လုပ်ဆောင်နိုင်ပါသည်။

ထို့အတူ သမားရိုးကျသုံးစွဲနေသည့် လယ်ယာအခြေခံစက်မှုလုပ်ငန်းများဖြစ်သည့် ဆန်စက်များ၊ ဆီစက်များ၊ ပဲခွဲစက်များ၊ ကြိတ်ခွဲစက်အမျိုးမျိုး စသည့် စက်စွမ်းရည်နှင့် အရည်အသွေးပိုင်းဆိုင်ရာ အားနည်းနေသည့်စက်များကို စက်သစ်များဖြင့် အစားထိုးခြင်းလုပ်ငန်းစဉ်ကိုလည်း နိုင်ငံတော်က လိုအပ်သည့်ချေးငွေ၊ နည်းပညာနှင့် ဈေးကွက်အပိုင်းများကိုပါ MSMEs အပါအဝင် စီးပွားရေးလုပ်ငန်းရှင်များအတွက် လုပ်ဆောင်ပေးနေပြီဖြစ်သည်။

ပို့ကုန်ဦးတည်သည့်
လယ်ယာအခြေပြုစက်မှုလုပ်ငန်းများ

ဒုတိယအဆင့်တွင် လယ်ယာအခြေပြုစက်မှုလုပ်ငန်းများတည်ထောင်ရာ၌ ပို့ကုန်ဦးတည်သည့် လယ်ယာအခြေပြုစက်မှုလုပ်ငန်းများ တည်ထောင်မှုကို ပိုမိုဦးစားပေးလုပ်ဆောင်သင့်ပါသည်။ အခြားအောင်မြင်သည့် နိုင်ငံများ၏အတွေ့အကြုံအရ ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ သိသိသာသာ ပေါ်ထွန်းလာစေရန်အတွက် ဘဏ္ဍာငွေထောက်ပံ့မှုများ၊ နည်းပညာပံ့ပိုးမှုများ၊ အခွန်အကောက်မက်လုံးများ စသည်တို့ဖြင့် လုပ်ဆောင်ပေလိမ့်ဦးမည်ဖြစ်သည်။

ထို့ပြင် ပိုမိုထိရောက်စေရန်အတွက် ပို့ကုန်ဦးတည်သည့်စက်မှုလုပ်ငန်းဥပဒေကို လုပ်ဆောင်လေ့ရှိသောကြောင့် အချိန်တိုအတွင်း တန်ဖိုးမြှင့် လယ်ယာကုန်ချောပို့ကုန်များ တိုးတက်လာပါသည်။ ထိုသို့ဖြစ်လျှင် အဆိုပါလုပ်ငန်းများ လုပ်ဆောင်သည့် MSMEs အပါအဝင် စီးပွားရေးလုပ်ငန်းများ၏ စဉ်ဆက်မပြတ် တိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် MSMEs များအနေဖြင့် သွင်းကုန်အစားထိုး လယ်ယာအခြေပြုစက်မှုလုပ်ငန်းများကိုလည်း ပြိုင်ဝင်လုပ်ဆောင်သင့်ပါသည်။ အကြောင်းမှာ လက်ငင်းကာလများတွင် နိုင်ငံအနေဖြင့် ပို့ကုန်ဦးစားပေးပြီး သွင်းကုန်ကို လျော့ချလာသည့်အတွက် ယခင်တင်သွင်းနေသည့် လယ်ယာအခြေပြုကုန်စည်များ လိုအပ်ချက်ကို လည်း MSMEs အပါအဝင် စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်လာသည်။ ဆိုလိုသည်မှာ အဆိုပါကုန်စည်များအတွက် ဝယ်လိုအား နှင့် ဈေးကွက် သေချာပြီးသားဖြစ်သလို ပြည်တွင်း ထွက်ရှိသည့် လယ်ယာကုန်ကြမ်းကိုသာ အသုံးပြုမည်ဆိုလျှင် အကျိုးများမည်ဖြစ်သည်။ ဥပမာအားဖြင့် ဝါးအခြေပြုစက္ကူနှင့် ပျော့ဖတ်ထုတ်လုပ်မှု လုပ်ငန်း၊ ရော်ဘာ၊ ဂျူ၊ ဝါ စသည့်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည်။

အလယ်အလတ်၊ လုပ်ငန်းကြီးနှင့်
လယ်ယာအထောက်အကူပြုစက်မှုလုပ်ငန်းများ

တတိယအဆင့်အနေဖြင့် လယ်ယာအခြေပြုစက်မှုလုပ်ငန်းတည်ထောင်မှုကို အလယ်အလတ်နှင့် လုပ်ငန်းကြီးအဆင့်သို့ တိုးချဲ့လုပ်ဆောင်ခြင်းဖြစ်၍ ကုန်ကြမ်းမှသည် ကုန်ချောအထိ အကျိုးဝင်ပြီး ထုတ်လုပ်မှုဖြစ်စဉ်များတွင် လုပ်သားများကို သာမက အလိုအလျောက်စက်များတပ်ဆင်အသုံးပြုခြင်း၊ အရည်အသွေးနှင့် စံချိန်စံညွှန်း တစ်သမတ်တည်းရှိခြင်း၊ ထုတ်ကုန်အရည်အသွေး တိတိကျကျ စစ်ဆေးနိုင်ခြင်း၊ ထုတ်ကုန်ပမာဏ အုံနှင့်ကျိုးနှင့် ထုတ်လုပ်နိုင်ခြင်း၊ စနစ်တကျထုတ်လုပ်နိုင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ပါ အကျိုးဝင်ပါသည်။

လယ်ယာအထောက်အကူပြု စက်ကိရိယာများ ထုတ်လုပ်ခြင်းကိုလည်း ပြည်တွင်းဦး ထုတ်လုပ်နိုင်ရန် ကြိုးစားရမည်ဖြစ်ပြီး အကြောင်းမှာ မျိုးစေ့ချစက်မှစ၍ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်များအထိ စက်ကိရိယာအမျိုးမျိုးကို မြန်မာ့ရေစေမြေအခြေအနေ၊ ရာသီဥတုအခြေအနေ၊ လုပ်ကွက်အနေအထား စသည်တို့နှင့် လိုက်လျောညီထွေဖြစ်မှသာ စက်မှလယ်ယာပြောင်းလဲမှု အဆင်ပြေချောမွေ့မည်ဖြစ်သည်။

သေချာသည့်အချက်မှာ မရိတ်သိမ်းမီလယ်ယာ လုပ်ငန်းများနှင့် ရိတ်သိမ်းပြီး လယ်ယာလုပ်ငန်းများတွင် နှိုင်းယှဉ်လုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာများကို ယခင်ကထက် ပိုမိုသုံးစွဲရမည်ဖြစ်သည်။ ယခုအခါ လယ်ယာအလုပ်ခွင်များ၌ လုပ်သားရှားပါးလာမှုကြောင့် စိုးရိမ်မှုပန်မှုများရှိနေသော်လည်း လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး အောင်မြင်ဖြစ်ထွန်းသည့် နိုင်ငံများတွင် လုပ်သားသုံးစွဲမှုနှုန်းမှာ စုစုပေါင်း လုပ်သား၏ ပျမ်းမျှ ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း ဝန်းကျင်သာရှိပြီး လုပ်ငန်းအများစုကို စက်ယန္တရားဖြင့်သာ လုပ်ဆောင်လေ့ရှိသည်။

ဖြင်သာသည့်အချက်မှာ စိုက်ပျိုးမွေးမြူရေး အောင်မြင်သည့် အစ္စရေးနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့တွင် စိုက်ပျိုးမွေးမြူရေးအောင်မြင်မှုမှာ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်မှုကြောင့် ဖြစ်သည်။ မိမိတို့အနေဖြင့် အစဉ်အလာအားဖြင့် လုပ်သားအစား စက်များပြောင်းလဲအသုံးပြုမှုကို အသားကျစေရန် အချိန်ပေးရဦးမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ လယ်ယာအခြေခံစက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဟုဆိုလျှင် လယ်ယာစိုက်ပျိုးရေး မူလထုတ်ကုန်များကို တန်ဖိုးမြှင့်ဆင့်တက်ပြုပြင်စက်မှုလုပ်ငန်းများ ပေါ်ထွန်းလာရေးက အဓိကဖြစ်သော်လည်း လယ်ယာစိုက်ပျိုးရေး မူလထုတ်ကုန်ထုတ်လုပ်သည်မှအစ တန်ဖိုးမြှင့် စက်မှုကုန်ချောများထုတ်လုပ်ခြင်း၊ ဈေးကွက်များ အရောက် သိုလှောင်ဖြန့်ဖြူးရောင်းချမှုအပိုင်းတွင်လည်း ခေတ်မီစက်ကိရိယာများ ပေါ်ပေါက်လာစေရန် အခြေခံအဆောက်အအုံများ၊ အအေးခန်းပါဝင်သည့် ပို့ဆောင်မှုနည်းလမ်းများ စသည့်ခေတ်မီစက်ကိရိယာများနှင့် နည်းပညာတို့ပါ အကျုံးဝင်ပါသည်။

မူလထုတ်လုပ်မှုအပိုင်းနှင့် တန်ဖိုးမြှင့်လုပ်ငန်း အပိုင်းများဖြစ်သည့် စက်မှုထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းများပါ ပါဝင်ပါသည်။ ထို့အတွက် မူလ လယ်ယာစိုက်ပျိုးရေးအပိုင်းတွင် ဒရုန်းများအသုံးပြု၍ လုပ်ဆောင်ခြင်း၊ smart agriculture၊ အနုစိတ် စိုက်ပျိုးမှုစနစ်၊ ဉာဏ်ရည်တုနည်းပညာအသုံးပြုခြင်း စသည်တို့အပြင် စက်မှုထုတ်လုပ်မှု၊ သိုလှောင်ဖြန့်ဖြူးမှုအပိုင်းများတွင်လည်း ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများ ပိုမိုအသုံးပြုခြင်းတို့ဖြစ်သည်။

“လယ်ယာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဟုဆိုလျှင် လယ်ယာစိုက်ပျိုးရေး မူလထုတ်ကုန်များကို တန်ဖိုးမြှင့်ဆင့်တက်ပြုပြင်စက်မှုလုပ်ငန်းများပေါ်ထွန်းလာရေးက အဓိကဖြစ်သော်လည်း လယ်ယာစိုက်ပျိုးရေး မူလထုတ်ကုန်ထုတ်လုပ်သည်မှအစ တန်ဖိုးမြှင့် စက်မှုကုန်ချောများထုတ်လုပ်ခြင်း၊ ဈေးကွက်များအရောက် သိုလှောင်ဖြန့်ဖြူးရောင်းချမှုအပိုင်းတွင်လည်း ခေတ်မီစက်ကိရိယာများ ပေါ်ပေါက်လာစေရန် အခြေခံအဆောက်အအုံများ၊ အအေးခန်းပါဝင်သည့် ပို့ဆောင်မှုနည်းလမ်းများ စသည့်ခေတ်မီစက်ကိရိယာများနှင့် နည်းပညာတို့ပါ အကျုံးဝင်”

သမိုင်းကြောင်းအရ ကမ္ဘာ့စီးပွားရေးတွင် MSMEs များသည် စီးပွားရေးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ ထို့ကြောင့် MSMEs များ ကြီးထွားတိုးတက်မှုသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက် အရေးပါသော အခြေခံအုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် MSMEs များ ကြီးထွားတိုးတက်မှုသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက် အရေးပါသော အခြေခံအုတ်မြစ်ဖြစ်သည်။

ရည်ညွှန်းကိုးကား

- Ministry of President’s Office; “MSMEs as the backbone of economic growth and development” https://presoffministry.gov.mm
- San Thein; “Agrobased industries and Myanmar,” IDE–V.R.F.Series, No.414, March 2006 https://www.ide.go.jp
- ဒေါက်တာမောင်အောင် “စီးပွားရေးစိုခဲ့မှုများနဲ့ ဖြေရှင်းနိုင်သည့်နည်းလမ်းများ” ဇွန်လ ၂၀၂၆

ဖိလစ်ပိုင်နိုင်ငံအစိုးရက လှူဒါန်းသည့် RC တစ်ထပ် သာသနိကအဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

မန္တလေးငလျင်ကြီး ပြန်လည်ထူထောင်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံအစိုးရက AHA Centre မှ တစ်ဆင့် အသင့်တပ်ဆင်စာသင်ကျောင်းဆောင် (Prefabricated School) ကိုးဆောင်နှင့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နေပြည်တော် ပျဉ်းမနားမြို့နယ် ကိုးခမ်းကြီး ဘုန်းကြီးကျောင်း၌ အလျားပေ ၅၀၊ အနံ ပေ ၃၀ အကျယ်အဝန်းရှိ RC တစ်ထပ် သာသနိကအဆောက်အအုံတစ်လုံးတို့ကို လှူဒါန်းခဲ့ရာ အဆိုပါသာသနိကအဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ကိုးခမ်းကြီး ဘုန်းကြီးကျောင်း သာသနိကအဆောက်အအုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်နှင့် ဒုတိယဝန်ကြီးများ၊ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဗစ္စ မာရီယာ ထရက်ဆာ ပရဲညို လာဇာရို ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံးမှ တာဝန်ရှိသူများ၊ AHA Centre မှ အမှုဆောင်ဒါရိုက်တာနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်ပွဲ၌ ပြည်ထောင်စုဝန်ကြီးက ဖိလစ်ပိုင်နိုင်ငံအစိုးရသည် မန္တလေးငလျင်ဘေးအရေးပေါ်တုံ့ပြန်ရေးကာလအတွင်း၌ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆေးအဖွဲ့များ စေလွှတ်ကူညီခဲ့ရုံမှမက ငလျင်ဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အသင့်တပ်စာသင်ဆောင်များ၊ သာသနိကအဆောက်အအုံနှင့် လှူဖွယ်ပစ္စည်းများကိုပါ ထောက်ပံ့လှူဒါန်းခဲ့သည့်အတွက် ဖိလစ်ပိုင်နိုင်ငံအစိုးရနှင့် ပြည်သူများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အားလျော်စွာ နှစ်နိုင်ငံအကြား အပြန်အလှန် လေးစားမှုများဖြင့် ကာလရှည်ကြာချစ်ကြည်ရင်းနှီးကြသည့် မိတ်ဖက်နိုင်ငံများဖြစ်ကြပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး (No One Left Behind)မူဖြင့် ကဏ္ဍစုံမှ ထည့်သွင်းစဉ်းစားထောက်ပံ့ကူညီမှုများကို အသိအမှတ်ပြုဂုဏ်ယူပါကြောင်းနှင့် လှူဒါန်းမှုဖြစ်မြောက်စေရေးအတွက် AHA Centre ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။



အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညို လာဇာရိုက ကျေးဇူးတင်စကားပြောကြားရာတွင် ဖိလစ်ပိုင်နိုင်ငံသည်လည်း သဘာဝဘေးအန္တရာယ်များကို မကြာခဏတွေ့ကြုံခံစားရလေ့ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ငလျင်ဘေးသင့်သူများ၏ ထိခိုက်ဝမ်းနည်းမှုများကို ထပ်တူခံစားမိပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ကဏ္ဍစုံပါဝင်သည့် လှူဒါန်းမှုများသည် ဘေးသင့်ပြည်သူများအတွက် အတိုင်းအတာတစ်ခုအထိ အကျိုးရှိထိရောက်ကြောင်း မြင်တွေ့သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ သံတမန်ဆက်ဆံမှု နှစ်(၇၀)ပြည့်မြောက်သည့် အခါသမယတွင် လာရောက်လှူဒါန်းရသည့်အတွက်လည်း အထူးဂုဏ်ယူမိပါကြောင်း ပြန်လည်ပြောကြားသည်။

ယင်းနေ့ကာ AHA Centre ၏ အမှုဆောင် ဒါရိုက်တာက လှူဒါန်းတည်ဆောက်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးနှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးတို့က လှူဒါန်းပစ္စည်းများ လွှဲပြောင်းခြင်း၊ ကျေးဇူးတင်ဂုဏ်ပြု မှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့သည် လယ်ဝေးမြို့ အထက (သပြေပင်)ကျောင်းသို့ သွားရောက်၍ ဖိလစ်ပိုင်နိုင်ငံအစိုးရက လှူဒါန်းထားသည့် အသင့်တပ်ဆင်စာသင်ဆောင်အား လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းပညာရေးဒီဂရီကောလိပ်ဝင်းအတွင်းရှိ စာသင်ဆောင်၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်၊ ဝန်ထမ်းနေအိမ်များ အသစ်ပြန်လည်တည်ဆောက်သွားမည်

မုံရွာ အောက်တိုဘာ ၂၉

ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းပညာရေးဒီဂရီကောလိပ်ဝင်းအတွင်းရှိ စာသင်ဆောင်၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်၊ ဝန်ထမ်းနေအိမ်များကို အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါကောလိပ်မှ သိရသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ အဆောက်အအုံများ အသစ်ပြန်လည် တည်ဆောက်မည့် မြေနေရာ၊ စာကြည့်တိုက်နှင့် စာသင်ဆောင် အဆောက်အအုံကြံခိုင်မှုနှင့် ကွန်ပျူတာအသုံးပြုလက်တွေ့ခန်းများကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့သွားရောက်စဉ်ကောလိပ်အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် အရည်အချင်းပြည့်ဝသည့်ဆရာ ဆရာမကောင်းများစွာပေါ်ထွက်လာစေရေး အတွက် စနစ်တကျ သင်ကြားလေ့ကျင့်ပေးသွားကြရန်၊ သင်ကြားရေး အဆောက်အအုံများ၊ ဝန်ထမ်းနေအိမ်များနှင့် သင်တန်းသားသင်တန်းသူ အိပ်ဆောင်များအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာ တည်ဆောက်သွားကြရန်၊ တာဝန်ရှိသူအားလုံးက မြေပြင်အထိ ကွင်းဆင်းကြီးကြပ်စီမံဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ကျောက်ဆည် အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဌေးလုံးငွေရင်းရန်ပုံငွေကျပ် ၁၁၉ ဒသမ ၅၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်ဆည်-တံတားဦးလမ်းမှ ညောင်ရွေ-ကြက်လျှာလမ်း(၀/၂)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယမန်နေ့တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာချုပ်(မြို့ပြ)ဦးလှခိုင်က ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ လိုအပ်သည်များ မှာကြားသည်။

အဆိုပါလမ်းပြီးစီးပါက ကျေးရွာပေါင်း သုံးရွာ၊ အိမ်ခြေ ၃၈၆ အိမ်၊ လူဦးရေ ၁၅၀၀ ၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ စျေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



မြဝတီမြို့၌ မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

မြဝတီ အောက်တိုဘာ ၂၉

ကရင်ပြည်နယ် မြဝတီမြို့၌ အယ်လ်နီညိုအပူဒဏ်အန္တရာယ် ကျရောက်နေစဉ်ကာလအတွင်း မီးဘေးအန္တရာယ်ကင်းရှင်းစေရေး အတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်ရာ ယနေ့နံနက်ပိုင်းတွင် ပြည်ဖြိုးဝေ BOC စက်သုံးဆီအရောင်းဆိုင်၊ PTT Station စက်သုံးဆီအရောင်းဆိုင်နှင့် မြို့ပေါ်ရပ်ကွက်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးမင်းဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောသည်။

ထို့ပြင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ပစ္စည်းကိရိယာများကိုင်တွယ်အသုံးပြုပုံ၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်း၊ စက်သုံးဆီဆိုင်တွင် တပ်ဆင်ထားရှိသည့် အပေါ်စားမီးသတ်စက်များ အသုံးပြု၍ မီးငြိမ်းသတ်ခြင်းနည်းလမ်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆောင်းနွင်းဖြူ(ပြန်/ဆက်)

တွံတေးမြို့နယ်၌ (ပထမ)အကြိမ် သမဝါယမအသင်း အစည်းအဝေး ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် သမဝါယမလီမိတက်၏ အမှုဆောင်သစ် ပထမအကြိမ် အစည်းအဝေးကို ယမန်နေ့က ရွှေဆံတော်ရပ်ကွက်ဘုရင့်နောင် (၇)လမ်းရှိ အသင်းရုံး(ယာယီ)၌ ကျင်းပသည်။

ဦးစွာ တွံတေးမြို့နယ် သမဝါယမအသင်းဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသော ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့များက မိမိတို့အသင်းဖွဲ့ဖြိုးတိုးတက်လာအောင် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

ရုရှားနှင့် အာဖရိကနိုင်ငံများအကြား ကုန်သွယ်မှုနှစ်ဆတိုးမြှင့်ရန် သမ္မတ ပူတင် တိုက်တွန်း

မော်စကို အောက်တိုဘာ ၂၉

ရုရှားနှင့် အာဖရိကနိုင်ငံများအကြား ကုန်သွယ်မှုပမာဏကို မကြာမီကာလအတွင်း အနည်းဆုံး နှစ်ဆတိုးမြှင့်သွားရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က ယမန်နေ့က တိုက်တွန်း ပြောကြားသည်။

စွမ်းအင်၊ စားနပ်ရိက္ခာဖူလုံရေး၊ နည်းပညာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည့်အစီအစဉ်များကိုလည်း ပြောကြားသည်။

ရုရှား-အာဖရိက စီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားမှဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးတွင် သမ္မတ ပူတင်က အမှာစကားပြောကြားရာ၌ နှစ်နိုင်ငံနှင့် ဒေသတွင်းကုန်သွယ်မှုပမာဏသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံရှိခဲ့ရာမှ ယမန်နှစ်တွင် ဒေါ်လာ ၂၇ ဘီလီယံကျော်အထိ မြင့်တက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါပမာဏကို မကြာမီကာလအတွင်း အနည်းဆုံး နှစ်ဆတိုးမြှင့်နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



ယင်းရည်မှန်းချက် အောင်မြင်စေရန် နှစ်ဖက်အကြား ငွေပေးချေမှုများတွင် သက်ဆိုင်ရာနိုင်ငံများ၏ ကိုယ်ပိုင်ငွေကြေးများ အသုံးပြုမှု တိုးမြှင့်ရေးနှင့် အာဖရိကနိုင်ငံ ၁၆ နိုင်ငံတွင် စွမ်းအင်စီမံကိန်း ၃၀ ကျော် အကောင်အထည်ဖော်ရေးတို့ကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သမ္မတ ပူတင်က ပြောကြားသည်။

၂၀၂၆ ခုနှစ် ပထမကိုးလအတွင်း အာဖရိကနိုင်ငံများသို့ စိုက်ပျိုးရေးထွက်ကုန် တန်ချိန် ၁၃ သန်း တင်ပို့ခဲ့ကြောင်း သမ္မတ ပူတင်က ပြောကြားသည်။

ရုရှားနိုင်ငံထွက် ကောက်ပဲသီးနှံများနှင့် ဓာတ်မြေဩဇာများကိုလည်း အာဖရိကနိုင်ငံ ၄၀ ကျော်သို့ တင်ပို့ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် အာဖရိက တိုက်၏ ကူးစက်ရောဂါဆိုင်ရာ ဘေးကင်းလုံခြုံမှုကို ပံ့ပိုးပေးသည့် ရုရှားအစီအစဉ်အား ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးမည်ဖြစ်ကြောင်း ပူတင်က ကြေညာခဲ့သည်။ အဆိုပါအစီအစဉ်အရ ရွှေလျားဓာတ်ခွဲခန်း ၁၅ ခုကို အာဖရိကနိုင်ငံ ရုရှိနိုင်ငံသို့ ပေးအပ်ထားပြီး အာဖရိကကျွမ်းကျင်ပညာရှင် ၄၅၀ ခန့်ကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရုရှား-အာဖရိက ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့် စီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားမှဖိုရမ်တို့တွင် စွမ်းအင်၊ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ ငြိမ်းချမ်းစွာအသုံးပြုသည့် နျူကလီးယားစွမ်းအင်၊ နည်းပညာ၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဥာဏ်ရည်တု၊ ဆိုက်ဘာလုံခြုံရေး၊ အာကာသနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကို အဓိကထား ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ ဆင်ဟွာ

အိန္ဒိယနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း အနာဒါဘ် ဝင်ရောက်တိုက်ခတ်

နယူးဒေလီ အောက်တိုဘာ ၂၉

အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ဆိုင်ကလုန်းမုန်တိုင်း အနာဒါဘ် ဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူ အရေအတွက်မှာ ငါးဦးအထိရှိခဲ့ကြောင်း ပြည်နယ်ဝန်ကြီးချုပ် အင်ခ်ချန်ဒရာ ဘာဘူနာဒူးက အတည်ပြုပြောကြားသည်။

သေဆုံးသူများသည် သစ်ပင်၊ နံရံနှင့် ဓာတ်တိုင်များပြိုလဲခြင်းနှင့် ဓာတ်လိုက်ခြင်းတို့ကြောင့် သေဆုံးခြင်းဖြစ်သည်။ အဆိုပါ မုန်တိုင်းဝင်ရောက်တိုက်ခတ်သည့်ဒေသများတွင် မတော်တဆမှုများ ထပ်မံမဖြစ်စေရေးအတွက် ဓာတ်အားလိုင်းများ ဖြတ် တောက်ခြင်းနှင့် လာမည့်ရက်အနည်းငယ်အထိ ကျောင်းများ ပိတ်ထားခြင်းတို့ကို ဆောင်ရွက်ခဲ့ရပြီး ပြည်နယ်အတွင်းလေဆိပ်နှစ်ခုတွင် ရောက်ရှိလာမည့် လေကြောင်းခရီးစဉ် ၃၅ ခုကျော်ကို ဖျက်သိမ်းခြင်းနှင့် လမ်းကြောင်းပြောင်းခြင်းတို့အား ဆောင်ရွက်ခဲ့သည်။

တစ်နာရီလျှင် လေတိုက်နှုန်း ကီလိုမီတာ ၁၃၀ အထိရှိသော အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အောက်တိုဘာ ၂၈ ရက် အစောပိုင်းက နိုင်ငံ၏ အင်ဒရာပရာဒေ့ရှ်ပြည်နယ်၏ အစိတ်အပိုင်းအချို့ကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ဩဒိသာ၊ ဂျာခန်း၊ ချတ္တိစ်ဂါစ်နှင့် အနောက်ဘင်ဂေါပြည်နယ်များသို့ ဆက်လက်ရွှေ့လျားသွားခဲ့သည်။ ၎င်းပျောနှင့်အုန်းကဲ့သို့သော သီးနှံများစိုက်ပျိုးထားသည့် စိုက်ပျိုးမြေဟက်တာ ၇၁၀၀၀ မှာ တစ်စိတ်တစ်ပိုင်း(သို့မဟုတ်) လုံးဝပျက်စီးသွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

လူဦးရေ၅၇၀၀၀ အား ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး နေအိမ် ၁၈၀ နီးပါး ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဆင်ဟွာ



မလေးရှားနိုင်ငံ၌ မီးခိုးမြူငွေ့ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ရင်းဂစ် ရှစ်ဘီလီယံရှိ

ကွာလာလမ်ပူ အောက်တိုဘာ ၂၉

မလေးရှားနိုင်ငံတွင် ယခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် မီးခိုးမြူငွေ့များကြောင့် ဒေသခံ ၁၇၀၀ သေဆုံးပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး ရင်းဂစ် ရှစ်ဘီလီယံရှိကြောင်း အောက်တိုဘာ ၂၉ ရက်တွင် ထုတ်ပြန်သည့်မှတ်တမ်းအရ သိရသည်။

နိုင်ငံပြင်ပတွင်ဖြစ်ပွားသည့် မီးလောင်ကျွမ်းမှုများမှ ထွက်လာသည့် မီးခိုးများကြောင့် သေဆုံးမှုများဖြစ်ခြင်းဖြစ်သည်။ ဇူလိုင် ၁ ရက်မှ အောက်တိုဘာ ၂၂ ရက်အတွင်း မီးခိုးငွေ့များထဲမှ အမှုန်အမွှားငယ်များနှင့် ထိတွေ့မိခြင်းကြောင့် ဒေသခံ ၁၇၀၀ သေဆုံးခဲ့ကြောင်း မလေးရှားကုန်ပစ္စည်း ထုတ်လုပ်သူများအဖွဲ့ချုပ်၏ အစီရင်ခံစာအရ သိရသည်။

ၦင်းသေဆုံးမှုများအနက် ၁၆၀၀ ခန့်မှာ နိုင်ငံဖြတ်ကျော် ဝင်ရောက်လာသော မီးခိုးမြူငွေ့များကြောင့် ဖြစ်သည်။ မီးခိုးမြူငွေ့များကြောင့် စီးပွားရေးလုပ်ငန်းလည်ပတ်မှုများတွင် ထိခိုက်မှုများရှိခဲ့သည်။

ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း ၈၁ ခု အပါအဝင် လုပ်ငန်းဌာန ၈၆ ခုကို မလေးရှားကုန်ပစ္စည်းထုတ်လုပ်သူများအဖွဲ့ချုပ်က စစ်တမ်းကောက်ယူခဲ့ရာတွင် ၆၉ ရာခိုင်နှုန်းမှာလုပ်ငန်းလည်ပတ်မှုအပေါ် သက်ရောက်မှု အချို့ရှိခဲ့ကြောင်း တွေ့ရှိရပြီး ၂၆ ရာခိုင်နှုန်းမှာမူ ဝန်ထမ်းများ အလုပ်မလာနိုင်ခြင်းကြောင့် လုပ်ငန်းများ နေ့ဝင်နေ့နေခဲ့ကြောင်း သိရသည်။ဆင်ဟွာ

မွန်ဂိုလီးယားနိုင်ငံ တောမီးလောင်ကျွမ်းမှုဒဏ်ခံဒေသများ ပြန်လည်ထူထောင်ရေးအတွက် ဂျပန်နိုင်ငံက ကူညီပံ့ပိုးပေးမည်

တိုကျို အောက်တိုဘာ ၂၉

မွန်ဂိုလီးယားနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများ ပြန်လည်ထူထောင်ရေး အတွက် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာချီ ဆာနေးက မွန်ဂိုလီးယားဝန်ကြီးချုပ် နယမ်-အိုဆာ အူချရယ်နှင့် တယ်လီဖုန်းဖြင့် ဆွေးနွေးစဉ် ကတိပြုခဲ့ကြောင်း သိရသည်။

ဂျပန်ဆက်သွယ်ရေး ကုမ္ပဏီကြီး KDDI က မွန်ဂိုလီးယားနိုင်ငံ အရှေ့ပိုင်းရှိ သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုတွင် အောက်တိုဘာ ၈ ရက်က စတင်လောင်ကျွမ်းခဲ့သည့် တောမီးသည် ၎င်း၏ ဒေသခံလက်အောက်ခံကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆက်စပ်နေကြောင်း ရှင်းလင်းပြောကြားပြီး တောင်းပန်ကြောင်းလည်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ဝန်ကြီးချုပ် ဆာနေးက အူချရယ်နှင့် ဆွေးနွေးစဉ် တောမီးကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးဆုံးရှုံးမှုအတိုင်းအတာကို ဂျပန်အစိုးရက အလေးအနက်ထားကြောင်း ပြောကြားပြီး မွန်ဂိုလီးယားပြည်သူများအပေါ် စိတ်ရင်းမှန်ဖြင့် ဝမ်းနည်းကြောင်းနှင့် ကိုယ်ချင်းစာနာကြောင်း ဖော်ပြခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ သစ်တောရေးရာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို မွန်ဂိုလီးယားနိုင်ငံသို့ အောက်တိုဘာ ၂၇ ရက်က စေလွှတ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ ကျွမ်းကျင်ပညာရှင်များ၏ အစီရင်ခံစာအပေါ် အခြေခံ၍ ထိခိုက်ပျက်စီးခဲ့သည့် ဒေသများ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သောစက်ကိရိယာများ ပံ့ပိုးပေးခြင်းနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အပါအဝင် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တစ်ရပ်ကို ဂျပန်အစိုးရက အကောင်အထည်ဖော် ပေးသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆာနေးက ပြောကြားသည်။ ထိုသို့ဆောင်ရွက်ရာတွင် မွန်ဂိုလီးယားအစိုးရနှင့်လည်း အနီးကပ် ဆက်သွယ်ညှိနှိုင်းသွားမည် ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။ အူချရယ်ကလည်း တောမီးကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ကြီးချုပ် ဆာနေး၏ ဝမ်းနည်းကြောင်း သဝဏ်လွှာနှင့် ကူညီပံ့ပိုးရန် ကမ်းလှမ်းမှုအတွက် အထူး ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

အင်နန်အိတ်ချ်ကေ

စပိန်နိုင်ငံ ရထားနှစ်စင်းတိုက်မိမှုကြောင့် သေဆုံးသူ ၆၉ ဦးအထိ မြင့်တက်လာ

မက်ဒရစ် အောက်တိုဘာ ၂၉

စပိန်နိုင်ငံ မက်ဒရစ်မြို့ တောင်ဘက် တိုလီဒိုပြည်နယ်တွင် ယမန်နေ့က ဖြစ်ပွားခဲ့သည့် ရထားနှစ်စင်းတိုက်မိမှုကြောင့် သေဆုံးသူဦးရေ ၆၉ ဦးအထိ မြင့်တက်လာခဲ့ကြောင်း စပိန်နိုင်ငံ ကတ်စတီလာ-လာမန်ချာဒေသအုပ်ချုပ်ရေးမှူး အီမီလီယာနို ဂါစီယာ-ပေဒ်ရက ယနေ့ ပြောကြားသည်။

မတော်တဆမှု ဖြစ်ပွားရာ နေရာ၌ အလောင်းတစ်လောင်း ထပ်မံတွေ့ရှိခဲ့ကြောင်း အုပ်ချုပ်ရေးမှူး ဂါစီယာ-ပေ့ချ်က ပြောကြားခဲ့သည်။ ကတ်စတီလာ-လာမန်ချာဒေသရှိ ဆေးရုံများတွင် ဒဏ်ရာရသူ ၅၀ ဦး ဆေးကုသမှု ခံယူနေရဆဲဖြစ်ပြီး ၆၀ မှာ ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ လူနာ ၁၅ ဦး၏ အခြေအနေကို အရေးပေါ်အဆင့် အနီရောင်အဖြစ် သတ်မှတ်ထားပြီး ၎င်းတို့အနက် လေးဦးမှာ ကျန်းမာရေး အခြေအနေတိုးတက်ကောင်းမွန်လာသည့် လက္ခဏာများ ပြသနေကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

အာဏာပိုင်များက နောက်ထပ် အလောင်းများတွေ့ရှိနိုင်ခြေရှိဟု ယူဆထားသော်လည်း အပြင်းထန်ဆုံး ထိခိုက်ပျက်စီးခဲ့သည့် ရထားတွဲအချို့၏ ပုံပျက်နေသော အပျက်အစီးများအတွင်း ကယ်ဆယ်ရေးအဖွဲ့များက ဆက်လက် ရှာဖွေနေသဖြင့် သတိထားဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက တိုက်တွန်းခဲ့သည်။

အရေးပေါ်အခြေအနေကို တုံ့ပြန်ကိုင်တွယ်ခြင်း၊ သေဆုံးသူများကို ရှာဖွေကယ်ဆယ်ပြီး မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်း၊ မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းဖော်ထုတ်ခြင်းနှင့် သေဆုံးသူများ၏ မိသားစုများအား အစိုးရဇာတိအဖွဲ့က အနည်းဆုံး ငွေကြေးဆိုင်ရာ အထောက်အပံ့များ ပေးအပ်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း စပိန်ဝန်ကြီးချုပ် ပက်ဒရို ဆန်ချက်ဇ်က ပြောကြားခဲ့သည်။

ဆင်ဟွာ



အယ်လ်နီညိုကြာကွယ်ရေး အသိပညာပေး

လက်ပံတန်း အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူဒဏ်အန္တရာယ်ကြုံတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကွမ်းခြံကျေးရွာအုပ်စု ချောင်းနားကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာ လက်ပံတန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကုသရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်ကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ ရေနှင့်သတ္တုဓာတ်များ ပြန်လည်ဖြည့်တင်းရေးအတွက် ဓာတ်ဆားရည်ဖျော်စပ်နည်းများ သင်ကြားပေးခြင်း၊ အပူဒဏ်ကြောင့် နွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်းများဖြစ်ပေါ်ပါက ဆောင်ရန်/ရှောင်ရန်များကို ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုးနဲမြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

မိုးနဲ အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို နာဟောင်ရပ်ကွက် ရွှေကျောင်းတော်ဘုန်းတော်ကြီးကျောင်း၌ ယနေ့ ကျင်းပသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဝင်းက အမှာစကားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက ဌာနမှဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက အွန်လိုင်းလောင်းကစားမှု၊ လူကုန်ကူးခံရမှုဖြစ်စဉ်များ မြို့နယ်ဆရာဝန်ကြီးက ပြည်သူများ အပူဒဏ်ကာကွယ်ရေးနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံနိုင်ရေးတို့နှင့် ပတ်သက်၍လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဝိုးတောင်း



မကွေးတိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



မကွေး အောက်တိုဘာ ၂၉

၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ဆောင်ပုဒ်ဖြစ်သည့် "Love Your Eyes" "အမြင်အာရုံ ကောင်းစေဖို့အသိပညာမျှဝေလို့ မျက်စိကျန်းမာရေး အလေးပေးစို့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်က မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီစွာ ရရှိဆောင်ရွက်နိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် အတူ နှီးနှယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူအားလုံး ပူးပေါင်း၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် လိုကြောင်း တိုက်တွန်းပြောကြားသည်။

ကြည့်ရှု

ထို့နောက် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအိအိအောင်က မျက်မမြင်ပပျောက်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး အခမ်းအနားတက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သရက်ချောင်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

သရက်ချောင်း အောက်တိုဘာ ၂၉

တနင်္သာရီ တိုင်းဒေသကြီး သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုနှင့် ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိက အပူချိန်မြင့်တက်ခြင်း၊ မိုးရွာသွန်းမှုလျော့နည်းခြင်း၊ ရေရှားပါးခြင်းနှင့် မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးထားသောသီးနှံများ ရေမလုံလောက်ခြင်း ဖြစ်ပေါ်နိုင်သဖြင့် ရေကိုစနစ်တကျ အကျိုးရှိစွာ ချွေတာသုံးစွဲရေးနှင့် မြေဆီလွှာ အစိုဓာတ် ထိန်းသိမ်းခြင်းနည်းလမ်းများကို လိုက်နာဆောင်ရွက်ခြင်း စသည်တို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးပိုင်(ပြန်/ဆက်)



အင်းစိန်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန် တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း စွေးကုန်းအနောက်ရပ်ကွက် လှိုင်မြစ်လမ်း အင်းစိန်မြို့မ စွေးကြီး၌ မီးဘေးကြိုတင် ကာကွယ်ရေး၊ အယ်လ်နီညို ရာသီဥတုနှင့် ပတ်သက်၍ ပြည်သူများ သတိပြုနေထိုင်နိုင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စွေးမီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးဓာတ်တိုက်လေ့ကျင့်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ သွားလာနေထိုင်ရာတွင် အပူဒဏ်သတိပြု၍ သွားလာနေထိုင်ရန်နှင့် အပူလျှပ်ခြင်းကြောင့် သတိမေ့ခြင်း၊ မူးမေ့ခြင်း တို့ဖြစ်ပေါ်လာပါက ဆောင်ရွက်သင့်ပုံများ စသည့်အကြောင်းအရာများ ပါဝင်သည့် အသိပညာပေး လက်ကမ်း စာစောင်များကို ဖြန့်ဝေဆောင်ရွက်ခဲ့သည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ စုပေါင်းသွေးလှူဒါန်းမှုကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် လူငယ်စင်တာ၌ ပြုလုပ်သည်။

သွေးလှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုစုပေါင်း ၂၀၀ တို့၏ သွေးလှူဒါန်းနေမှု အခြေအနေကို ကြည့်ရှုအားပေးပြီး သွေးလှူရှင် များအား အာဟာရဖြည့်စွက် စာများနှင့် ဂုဏ်ပြုချီးမြှင့် ငွေများ ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ညနေပိုင်းတွင် ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဖလား ၁၄ ခရိုင် အမျိုးသမီး ကိုယ်ကာယကြံခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး သမဲန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများသည် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများ၊ အကြီးတန်း တစ်ဦးချင်း စိတ်ကြိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ၊ အကြီး တန်းသုံးဦးတွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ၊ အကြီး တန်းကိုးဦးတွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် ဆုတံဆိပ် အများဆုံးရရှိသော သဃ်န်းကျွန်း ခရိုင်အသင်းတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက် ဆုဖလားတို့ကို ပေးအပ်ခဲ့သည်။ အဆိုပါပြိုင်ပွဲကို အားကစားသမား ၁၆၈ ဦးဖြင့် အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)



(၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် ကော့ထေးကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

ဘားအံ အောက်တိုဘာ ၂၉

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဘားအံမြို့နယ် ထောင်ကလပ်ကျေးရွာအုပ်စု ကော့ထေးကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းမှခဲ့ဦးတည်နေရာ၌ ကျင်းပသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ကို ၂၀၂၆-၂၀၂၇ ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၉၇ ဒသမ ၆၂၀ သန်း ဖြင့် အရှည် ၄ ဒသမ ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မ၊ Box Culvert တစ်စင်းတို့ကို ဒေါ်နကြယ်စင်ကုမ္ပဏီနှင့် ဇွဲကပင်မေမေကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ပြီးစီး၍ ယနေ့ဖွင့်လှစ်ခြင်းဖြစ်သည်။

လမ်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးအောင်လွင်နှင့်တာဝန်ရှိသူများက ကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကော့ထေးကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်သည် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လမ်းညွှန်ချက်များအရ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကျေးရွာနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုပေါ်ပေါက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



ကာတွန်း

သာပေါင်းမြို့နယ်၌ ရေရှားပါးပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

သာပေါင်း အောက်တိုဘာ ၂၉

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် ကွက်ပြင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာနှင့် လှေကြီးတက်ကျေးရွာအုပ်စု နံနံပင်ကုန်းကျေးရွာများသို့ ယနေ့ နံနက်ပိုင်းတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ သာပေါင်းမြို့နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေသည့် တွင်းနက်တူးဖော်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေမှုကို စစ်ဆေးပြီး အယ်လ်နီညိုရာသီဥတုကြောင့် ရေရှားပါးပြတ်လပ်နိုင်မှုနှင့် သောက်သုံးရေများ စနစ်တကျ သိုလှောင်သုံးစွဲမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၇၆ သန်း ဖြင့် တွင်းနက်နှင့် ဆက်စပ်လုပ်ငန်း၊ အမြင့်တင်ရေစင် (၁၀ ပေ x ၁၀ ပေ x ၄၀ ပေ) တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအရည်အသွေးပြည့်ဝစေရေး၊ လုပ်ငန်းရေရှည် လည်ပတ်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။ ထို့ပြင် အယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြေတ်လပ်မှုမရှိစေရေး ရေလှောင်ကန်များအတွင်း ရေစုဆောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သာပေါင်း(ပြန်/ဆက်)



သာယာဝတီမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြော

သာယာဝတီ အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စုပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို သာယာအေးကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။



အဖျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်နုင်းရည်လှိုင်က သတိပြုရမည့် အပူဒဏ်အန္တရာယ်နှင့် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်မှု လက္ခဏာများ၊ အရေးပေါ်ရှေးဦးပြုစုခြင်းနည်းလမ်းများ၊ ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် သတိပြုရှောင်ကြဉ်ရမည့်အချက်များကို ပြည်သူများအား အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပုပ္ပသီရိမြို့နယ်အတွင်း ကျေးရွာ ၁၂ ရွာ၌ ရေအရင်းအမြစ်များ စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုပ္ပသီရိမြို့နယ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုပ္ပသီရိမြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ကျေးရွာများ ရှိ ရေအရင်းအမြစ်များ စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ပုပ္ပသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် တာဝန်ရှိသူများသည် ပုပ္ပသီရိမြို့နယ်အတွင်း ကျေးရွာအုပ်စု ၆ အုပ်စု၊ ကျေးရွာ ၁၂ ရွာသို့ သွားရောက်၍ ရေအရင်းအမြစ်များ စစ်ဆေးခြင်းနှင့် ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နော်လူး

■



ပညာရဲရင့်
ပွဲလယ်တင့်
✤
ပညာရွှေအိုး
လူမခိုး



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စဉ်ဆက်မပြတ် လိုက်နာဆောင်ရွက်ရန် လိုအပ်

ပုသိမ် အောက်တိုဘာ ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး စဉ်ဆက်မပြတ် လိုက်နာဆောင်ရွက်ရန်နှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်များအပေါ် အလေးထားလိုက်နာဆောင်ရွက်ရန် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမင်းဦးက ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့နှင့် ယနေ့နံက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ တွေ့ဆုံဆွေးနွေးရာတွင် ပြောကြားသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး(၁)၊ တွဲဖက်အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြရာ တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၂၉



အနာဂတ် ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များ အနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက်ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်း ပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဋ္ဌိပြိုင်ပွဲ ပြုလုပ်ကာ မေးခွန်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

သတင်းစဉ်



လွိုင်လင်မြို့နယ်ရှိ ကျေးရွာများ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

လွိုင်လင် အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် တောင်နောက်ကျေးရွာနှင့် နောင်ဟင့် ကျေးရွာတို့၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် တောင်နောက်ကျေးရွာနှင့် နောင်ဟင့် ကျေးရွာတို့၏ လက်ရှိရေသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို အသိပညာပေးဟောပြောပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငွေကြယ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၀-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၄၅	၄၅၅၅	၄၇၀၀	၄၇၁၅	၄၇၄၅	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၄၅	၄၈၀၅	၄၇၃၅	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၅၉၀	၄၇၄၅	၄၆၉၅	၄၆၀၅	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၇၅	၅၀၄၅	၅၀၇၅	၄၆၉၅	၄၈၄၅	၄၇၉၀	၄၇၄၅	၄၇၅၅	၄၉၈၅
HSD (500 ppm)	၄၅၁၅	၄၆၆၅	၄၆၂၀	၄၅၃၀	၄၆၇၀	၄၆၈၀	၄၇၁၅	၄၆၀၀	-	၄၉၈၀	၄၆၂၀	၅၂၁၅	၄၇၀၅	၄၆၆၅	၄၆၇၅	၄၈၉၅
HSD (50 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅	၅၉၃၅	၅၉၆၅	၅၅၉၀	၅၇၈၀	၅၆၈၀	၅၆၃၅	၅၆၄၅	၅၈၇၅
HSD (10 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅		၅၉၆၅	၅၅၉၀	၅၇၈၀	၅၆၈၀	၅၆၃၅	၅၆၄၅	၅၈၇၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၄၃၅
95 Ron	၄၃၆၅	၄၄၈၆
HSD (500 ppm)	၄၃၀၈	၄၄၂၄
HSD (50 ppm)	၅၂၂၈	၅၃၆၂
HSD (10 ppm)	၅၂၂၈	၅၃၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



ကျုံပျော်မြို့နယ်၌ တောင်သူများအား ပြည်တွင်းထုတ်ဒီဇယ်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ကျုံပျော် အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် တောင်သူများအား ပြည်တွင်းထုတ်ဒီဇယ်များအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းကို အောက်တိုဘာ ၂၈ ရက်က စတင်ဆောင်ရွက်သည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျေးရွာအရောက် သွားရောက်ရောင်းချပေးခြင်းဖြစ်ပြီး ကျုံပျော်ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သည်။

အဆိုပါဒီဇယ်များကို အောက်တိုဘာ ၂၈ ရက်တွင် မြို့နယ်တွင်းရှိမြို့မ၊ ရေစခန်းနှင့် အထောင်တိုက်နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၀ တို့တွင် ဂါလန် ၅၄၅၀ အား ဖြန့်ဖြူးရောင်းချပေးပြီး ယနေ့တွင် အင်းရဲနှင့် ဒိုက်ပျက်တိုက်နယ်များသို့ ဖြန့်ဖြူးရောင်းချပေးရာ နှစ်ရက်အတွင်း စုစုပေါင်း ဂါလန် ၁၀၀၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)



မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၅၉၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲနှင့် ရောင်စုံမီးကြာခွက်မျှော်ပွဲ ကျင်းပ

မကွေး အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၅၉၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် မြသလွန် စေတီတော်ရင်ပြင်တော်၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဧနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ စေတနာရှင်အလှူရှင်များ၊ ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မကွေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များနှင့် သီလရှင်များ စုစုပေါင်း ၁၂၈ ပါးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဆွမ်းဆန်တော်များ၊ ဝတ္ထုဥစ္စများ၊ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ဆပ်ပြာ၊ အချိုရည်၊ ဖယောင်းတိုင်၊ အမွေးတိုင် စသည့်လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြသည်။ အဆိုပါမြသလွန်ဘုရားပွဲတော်တွင် စွေးဆိုင်တန်းများ၊ စားသောက်ဆိုင်များ၊ ကစားကွင်းများ၊ ပြဇာတ်ရုံများ၊ ဒေသထွက်ကုန်အရောင်းဆိုင်များနှင့် အညာဒေသ ရိုးရာမုန့်ဆိုင်တန်းများ ခင်းကျင်းရောင်းချလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူ မိဘပြည်သူများဖြင့် နေ့စဉ် အထူးစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြသလွန်စေတီတော်မြတ်ကြီးအား ပူဇော်သောအားဖြင့် ဧရာဝတီမြစ်ကမ်းနံဘေး River View Point Pavilion အနီးတွင် ဒေသခံပြည်သူများနှင့်အတူ ရောင်စုံမီးကြာခွက်များကို ဧရာဝတီမြစ်အတွင်းသို့ မီးမျှောပူဇော်ကြသည်။ ယင်းရောင်စုံမီးကြာခွက်မီးမျှောပွဲကို မကွေးမြသလွန်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ ဗုဒ္ဓဘာသာဝင်တို့၏ သာသနာပြုကုသိုလ်များ တိုးပွားစေရန်၊ အမျိုးဘာသာ၊ သာသနာနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မောင်နိုင်မင်း(ပြန်/ဆက်)

ပူတာအိုမြို့၌ သံဃပူဇော်ပွဲနှင့်ဂုဏဝိသိဒ္ဓဂုဏ်ပြုပူဇော်ပွဲ ကျင်းပ



ပူတာအို အောက်တိုဘာ ၂၉

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်းရှိ ပန်းလိုင်၊ ပူတောင်း၊ မုခုံ၊ ဝိန်းလုန်(ရပ်ကွက်/ကျေးရွာများ)က ဦးဆောင်မှုဖြင့် စုပေါင်းကျင်းပသော ပူတာအိုနယ်လုံးဆိုင်ရာ သံဃပူဇော်ပွဲ၊ ခမ်းတီလုန်ဒေသမှ ဘွဲ့တံဆိပ်တော်ရ သံဃာတော်များနှင့် သီလရှင်တို့အား ဂုဏဝိသိဒ္ဓ ဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက် ပိုင်းက ပူတာအိုမြို့ အောင်မင်္ဂလာကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ခမ်းတီလုန်ဒေသလုံးဆိုင်ရာ ဒါယကာ ဒါယိကာမများက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လက်ဆေးမင်္ဂလာ ပြုလုပ်ကန်တော့ကြသည်။

ဆက်လက်၍ ဧည့်ပရိသတ် အပေါင်းတို့က ပူတာအိုဒေသ၏ သံဃာ့မဟာထေရ်ဖြစ်တော်မူကြသော ဆာရ်ခွမ်ခမ်းဆရာတော်ကြီးနှင့် ပန်းလိုင်ဆရာတော်ကြီးတို့အား ရှိခိုးကန်တော့ကြည်ညိုကြပြီး သံဃာတော်အရှင်သူမြတ်များအား လှူဒါန်းဖွယ်ရာများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဂုဏ်ပြုခံ သံဃာတော်အရှင်သူမြတ်များအား ဘွဲ့လက်မှတ်နှင့်ဂုဏ်ပူဇော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပန်းဒကာ ဦးစောခွဲထီးအောင်၊ ပန်းလှိုင်ရပ်ကွက် ဝတ်ရွတ်အဖွဲ့နှင့် ဧည့်ပရိသတ်အပေါင်းတို့က တိုင်းခမ်းတီရှေးရိုးရာ တေးသီချင်းနှင့် တိုင်းခမ်းတီ မြန်မာဘာသာ ရှစ်လုံးဖွဲ့ကဗျာများ သံပြိုင်ရွတ်ဆို ဂုဏ်ပြုကြပြီး မြို့နယ်သံဃနာယကအကျိုးဆောင် (ဗဟို) တောင်တန်း သာသနာပြု ကျောင်းတိုက် ဆရာတော်ကြီး ထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ (၂၁)ဌာနသို့ ကြွချီအပူဇော်ခံပြီး မူလစံကျောင်းတော်သို့ ပြန်လည်ကြွဝင်

ညောင်ရွှေ အောက်တိုဘာ ၂၉

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ အင်းလေးဒေသ (၂၁) ဌာနသို့ ကြွချီအပူဇော်ခံပြီး (သီတင်းကျွတ်လပြည့်ကျော် ၃ ရက်) ယနေ့နံနက် ပိုင်းက မူလစံကျောင်းတော်သို့ ပြန်လည်ကြွဝင်သည့် အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်ရေး၊ အင်းရေပြင်တွင် စက်ဆီများညစ်ညမ်းမှုလျှော့ချနိုင်ရေးအတွက် အင်းလေးအစုအဖွဲ့မှ ဆောင်ရွက်ထားသော EV စက်လှေဖြင့် အင်းလေးဒေသထွက်ကုန်ဖြစ်သည့် ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ငရုတ်သီး သယ်ဆောင်ပေးပို့မှု သရုပ်ပြခြင်း၊ အင်းလေးဒေသရိုးရာဆွမ်းပို့လေ့များ သရုပ်ပြခြင်း၊ လေ့ယဉ်အလှအကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်များ ကရဝိက်ဖောင်တော်ဖြင့်ကြွချီလာရာ ရုပ်ပွားတော် ပထမအဆူကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ဒုတိယအဆူကို ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ တတိယအဆူကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ စတုတ္ထအဆူကိုပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပင့်ဆောင်ကြပြီး မူလကိန်းဝပ်စံယင်တော်မူသည့် ပလွင်ပေါ်သို့ ပင့်ဆောင်ပေးကြသည်။

ထို့ပြင် အင်းသားရိုးရာလေ့လော့ပြိုင်ပွဲ အမျိုးသား ၄၆ တက်၊ အမျိုးသားရာကျော်လေ့၊ အမျိုးသမီး ၂၆ တက်၊ ကျောင်းသား ၂၆ တက်၊ ကျောင်းသားတစ်ဦးချင်း လေ့လော့ပြိုင်ပွဲ အကြိုဇိုလ်လုပွဲနှင့် ဗိုလ်လုပွဲများ ယှဉ်ပြိုင်ရာ ပြိုင်ပွဲဝင်အသင်းများက စည်းလုံးညီညွတ်မှုအားဖြင့် ကြိုးစားယှဉ်ပြိုင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်ဧနီး၊ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ခရီးသွား ဘုရားဖူးဧည့်သည်များက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ ကျင်းပရာ လေ့ယဉ်၊ ဆွမ်းပို့လေ့ ဂုဏ်ပြုဆုများကို အင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးတို့က လည်းကောင်း၊ အမျိုးသား၄၆တက် ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် အသင်းများကို ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးကလည်းကောင်း၊ အမျိုးသားရာကျော်လေ့ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများနှင့် တစ်ဦးချင်းပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသူများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လည်းကောင်း၊ ကျောင်းသား ၂၆ တက်ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆု ရရှိသူများကိုပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က လည်းကောင်း၊ အမျိုးသား ၄၆ တက်ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသူများကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကလည်းကောင်း၊ အမျိုးသမီး ၂၆ တက်ပြိုင်ပွဲတွင် ဒုတိယ၊ ပထမ ဆုရရှိသူများကို ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားရာကျော်လေ့ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲကို နောင်အင်းလေး သီချင်းဖြင့် အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



မင်းလှမြို့နယ်၌ အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

မင်းလှ အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနက စူပါအယ်လ်နီညို အပူဒဏ်ကာကွယ်ရေး အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ မင်းလှမြို့မ စွေးအတွင်းရှိ စွေးရောင်းစွေးဝယ်ပြည်သူများနှင့် လမ်းသွားလမ်းလာပြည်သူများထံ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

ထို့ပြင် ကျေးလက်ကျန်းမာရေးဌာနခွဲများက အပူဒဏ်ရှောင်နေရာများနှင့် ရေရရှိရေးအတွက် ကြိုတင်စီမံ ဆောင်ရွက်လျက်ရှိပြီး အပူဒဏ်ကြောင့် နွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်းများ ဖြစ်ပေါ်ပါက ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပေါက်စ(မင်းလှ)



ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှော နိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၂၉ ရက် ညနေပိုင်းတွင် တမံရှိရေ ၂၉၆ ဒသမ ၉၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၈ ဒသမ ၁၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အဆိုပါတမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၁၀၀

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၅ ထပ်အဆောက်အအုံတစ်လုံးအား ထပ်မံဖြိုချပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်ခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ တစ်လုံးအား ယနေ့အထိ ၃၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။


ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု
ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

အမျိုးသမီးများကို ဘီယာဆိုင်နှင့် KTV ဆိုင်များသို့ ပို့ဆောင်ကာ ပြည့်တန်ဆာအဖြစ် ခိုင်းစေပြီး ရရှိသည့် ငွေကြေးများကို ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၂၉

အမျိုးသမီးများကို ဘီယာဆိုင်နှင့် KTV ဆိုင်များသို့ ပို့ဆောင်ကာ ပြည့်တန်ဆာအဖြစ် ခိုင်းစေပြီး ရရှိသည့်ငွေကြေးများကို ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ ချမှတ်ပြီး တိမ်းရှောင်တရားခံ ဖြူစင်သော်(ခ)မိုချီအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်နေသူများဖြစ်သည့် အမျိုးသမီး ၁၃ ဦးတို့ကို မန္တလေးတိုင်းဒေသကြီးနေသူများဖြစ်သည့် သဇင်(ခ) ရာသက်ပန်၊ ကျော်မင်းထွန်း၊ ကျော်သူလင်း (ခ) ကိုပြည့်၊ အောင်လွင်ဦးနှင့် ဝေလင်းဦး၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်နေ လေးလေးမြင့်(ခ)ခွန်းနှင့် ပဲခူးတိုင်းဒေသကြီးနေ ဖြူစင်သော်(ခ) မိုချီတို့က နည်းမျိုးစုံဖြင့် လိမ်လည်စည်းရုံးပြီး ၎င်းတို့နေထိုင်ရာဒေသမှ မန္တလေးသို့ခေါ်ယူပြီး ဘီယာဆိုင်နှင့် KTV ဆိုင်များသို့ စေလွှတ်ကာ ဧည့်သည်အမျိုးသားများနှင့် ဘီယာဝိုင်းတွင် ထိုင်စေခြင်း၊ ပြင်ပသို့လိုက်၍ အတူနေထိုင်စေခြင်း၊ အဆင်မပြေ၍ အလုပ်မလုပ်လိုကြောင်း ပြောသော်လည်း ငွေကျပ် ၁၅ သိန်းပေးမှ ပြန်လည်စေလွှတ်မည်ဟု ပြောဆိုခြင်း၊ အမျိုးသားများနှင့် ပြင်ပသို့လိုက်၍ အတူနေထိုင်က တစ်ကြိမ်လျှင် ငွေကျပ် ၂ သိန်းမှ ၂ သိန်းခွဲအထိ ပေးမည်ဟုပြောဆို ခိုင်းစေခြင်းတို့ကို စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပြည်ကြီး တံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်း (ပ)၁၂၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၂၃ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ သဇင်(ခ)ရာသက်ပန်၊ ကျော်မင်းထွန်း၊ ကျော်သူလင်း (ခ) ကိုပြည့်၊ အောင်လွင်ဦး၊ ဝေလင်းဦးနှင့် လေးလေးမြင့်(ခ)ခွန်းတို့ ခြောက်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဖြူစင်သော်(ခ)မိုချီ အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၄ ဒသမ ၇၅၇၀ တန်၊ သစ်မာ ၄ ဒသမ ၀၂၀၀ တန်၊ အခြားသစ် ၁၅ ဒသမ ၆၁၆၆ တန် စုစုပေါင်း ၃၄ ဒသမ ၃၉၃၆ တန်၊ ယာဉ်/ယန္တရား နှစ်စီး၊ တရားခံ လေးဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

သတင်းစဉ်

ရေပေါ်ဆိုလာစနစ်

မောင်မောင်စွယ်စုံထွန်း

ရေပေါ်ဆိုလာစနစ် (Floating Solar System) ဆိုသည်မှာ ရေကန်၊ ရေလှောင်တမံ သို့မဟုတ် မြစ်ချောင်းများပေါ်တွင် ဆိုလာပြားများကို မျောပါစေပြီး လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်စနစ်တစ်ခု ဖြစ်ပါသည်။

ရေပေါ်ဆိုလာစနစ်၏ အဓိကအကျိုးကျေးဇူးများ

- **မြေနေရာ မလိုခြင်း။** ကုန်းပေါ်တွင် မြေနေရာ ယူစရာမလိုဘဲ ရှိရင်းစွဲ ရေပြင်များကို အသုံးချနိုင်ခြင်း၊
- **စွမ်းဆောင်ရည် ပိုကောင်းခြင်း။** ရေအေးဓာတ်ကြောင့် ဆိုလာပြားများ အပူချိန်မလွန်ကဲဘဲ လျှပ်စစ်ထုတ်လုပ်မှု ပိုမိုအားကောင်းခြင်း၊
- **ရေအငွေ့ပြန်မှုကို လျှော့ချပေးခြင်း။** ရေမျက်နှာပြင်ကို ဆိုလာပြားများ ဖုံးအုပ်ထားသဖြင့် ရေကန်နှင့် တမံများမှ ရေအငွေ့ပြန်ဆုံးရှုံးမှုကို သက်သာစေခြင်း။

မြန်မာနိုင်ငံတွင်လည်း ပဲခူးမြို့ မဇင်ရေလှောင်တမံကဲ့သို့ နေရာများတွင် ရေပေါ်ဆိုလာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရေပေါ်နေရောင်ခြည်ဆိုလာအားတပ်ဆင်ခြင်း

Solar Mounting PV Floating စနစ်သည် ရေမျက်နှာပြင်ပေါ်ရှိ photovoltaic (PV) ပြားများကို ထောက်ပံ့ရန် ဒီဇိုင်းထုတ်ထားသော ခေတ်မီပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် ဖြေရှင်းချက်တစ်ခုဖြစ်သည်။ ရေကန်များ၊ ရေလှောင်ကန်များနှင့် အခြားရေပြင်များကို အသုံးပြုခြင်းဖြင့် ဤ floating solar mounting စနစ်သည် အဖိုးတန်မြေယာ အရင်းအမြစ်များကို ထိန်းသိမ်းနေစဉ်တွင် စွမ်းအင်ထုတ်လုပ်မှုကို အမြင့်ဆုံးဖြစ်စေသည်။ တာရှည်ခံပြီး ရာသီဥတုဒဏ်ခံနိုင်သော ပစ္စည်းများဖြင့် တည်ဆောက်ထားသောကြောင့် ကြီးမားသော နေရောင်ခြည်စွမ်းအင် စီမံကိန်းများအတွက် တည်ငြိမ်ပြီး ထိရောက်သော ပလက်ဖောင်းတစ်ခုကို ပေးစွမ်းသည်။ စီးပွားဖြစ်၊ စက်မှုလုပ်ငန်းနှင့် ဓာတ်အားလိုင်းပြင်ပ အသုံးချမှုများအတွက် အသင့်တော်ဆုံးဖြစ်သော Solar Mounting PV Floating စနစ်သည် သန့်ရှင်းသောစွမ်းအင်ထုတ်လုပ်မှုအတွက် ရေရှည်တည်တံ့ပြီး ကုန်ကျစရိတ်သက်သာသော ဖြေရှင်းချက်တစ်ခုဖြစ်သည်။

ဆိုလာ PV ရေပေါ်တပ်ဆင်ခြင်း၏ ကောင်းမွန်သည့် အင်္ဂါရပ်များ

(၁) အကောင်းဆုံးဖြစ်အောင်ရေပေါ်နေရောင်ခြည် ထောက်ပံ့မှု။ အဆိုပါ **ဆိုလာတပ်ဆင်ခြင်း PV ရေပေါ်**စနစ်သည် PV ပြားများကို လုံခြုံစွာထိန်းထားပြီး နေရောင်ခြည်ကို ထိရောက်စွာ ဖမ်းယူနိုင်စေရန် အကောင်းဆုံးထောင့်တွင် ထားရှိပေးသည်။ ယင်း၏ ရေပေါ်မျောနေသောဖွဲ့စည်းပုံသည် ရေအခြေအနေ ပြောင်းလဲနေချိန်တွင်ပင် တည်ငြိမ်မှုကို သေချာစေ သည်။

(၂) သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး နေရာချွေတာသော ဒီဇိုင်း။ နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ရန်အတွက် ရေမျက်နှာပြင်များကို အသုံးပြုခြင်းဖြင့် ဤစနစ်သည် ရေငွေ့ပြန်ခြင်းကို အနည်းဆုံးဖြစ်အောင် ပြုလုပ်ပေးခြင်းနှင့် ရေညစ်ညမ်း မြေပြင်အခြေပြု ဆိုလာတပ်ဆင်မှုများနှင့် နှိုင်းယှဉ်ပါက အလုံးစုံစွမ်းဆောင်ရည်ကို တိုးတက်ကောင်းမွန်စေပါသည်။

ဆိုလာရေပေါ်စနစ်၏ အကျိုးကျေးဇူးများ

ရေပေါ်ဆိုလာခြံများ။ ရေလှောင်ကန်များ၊ ရေကန်များနှင့် အခြားရေပြင်များတွင် ကြီးမားသော နေရောင်ခြည်စွမ်းအင်ထုတ်လုပ်မှုအတွက် အသင့်တော်ဆုံးဖြစ်ပြီး နေရာအသုံးချမှုနှင့် စွမ်းအင်ထွက်ရှိမှုကို အများဆုံးဖြစ်စေသည်။

စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး စွမ်းအင်စီမံကိန်းများ။ ရရှိနိုင်သော ရေအရင်းအမြစ်များကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နေစဉ်တွင် ရေရှည်တည်တံ့သော စွမ်းအင်ဖြေရှင်းချက်များကို ရှာဖွေနေသော စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် ပြီးပြည့်စုံပါသည်။

ရေသန့်စင်ခြင်းနှင့် salination အပင်များ။ ရေဆိုးသန့်စင်ခြင်းနှင့် ဆားငန်ရေသန့်စင်ခြင်း လုပ်ငန်းစဉ်များကို လည်ပတ်ရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကိုပံ့ပိုးပေးပြီး လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်များနှင့် ကာဗွန်ခြေရာကို လျှော့ချပေးသည်။

စိုက်ပျိုးရေးနှင့်ငါးမွေးမြူရေး။ နေ့စဉ်အသုံးပြုရန်အတွက် သန့်ရှင်းပြီး ရေရှည်တည်တံ့သော စွမ်းအင်ကို ထောက်ပံ့ပေးခြင်းဖြင့် ဆည်မြောင်းစနစ်များနှင့် ငါးမွေးမြူရေးလုပ်ငန်းများကို ပံ့ပိုးပေးသည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံသည် ရေပေါ်ဆိုလာစနစ် (Floating Solar System) ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ ပေါကြွယ်ဝပြီး ဆိုလာစနစ်မှ လျှပ်စစ်ဓာတ်အား သုံးစွဲမှုအတွက်လည်း များစွာအကျိုးရှိပါသည်။ ရေလှောင်တမံများတွင် ရေပေါ်ဆိုလာစနစ် (Floating Solar System) ဖြင့် အသုံးပြုပါက ရေလှောင်တမံအတွင်း ရေငွေ့ပြန်မှုလျော့နည်းကာ စိုက်ပျိုးရေးပေဒေသမှ ထိခိုက်နိုင်မှုမရှိသည့်အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်၍ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကိုလည်း သက်သာစေနိုင်မည်ဖြစ်ပါသည်။

ရေလှောင်တမံများစွာလည်း ရှိနေသဖြင့် ရေပေါ်ဆိုလာစနစ် (Floating Solar System) ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် လုပ်ငန်းများကို စီမံချက်များ ချမှတ်ဆောင်ရွက်သွားနိုင်မည်ဆိုပါက နိုင်ငံအတွက် လျှပ်စစ်စွမ်းအင်ဖူလုံစွာ ရရှိနိုင်ရန်မှာ မဝေးကွာလှတော့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■



“မြန်မာနိုင်ငံသည် ရေပေါ်ဆိုလာစနစ် (Floating Solar System) ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် အရင်းအမြစ်များပေါကြွယ်ဝပြီး ဆိုလာစနစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်ပါက နိုင်ငံတော် လျှပ်စစ်ဓာတ်အား သုံးစွဲမှုအတွက်လည်း များစွာအကျိုးရှိပါသည်။ ရေလှောင်တမံများတွင် ရေပေါ်ဆိုလာစနစ် (Floating Solar System) ဖြင့်အသုံးပြုပါက ရေလှောင်တမံအတွင်း ရေငွေ့ပြန်မှုလျော့နည်းကာ စိုက်ပျိုးရေးပေဒေသကို ထိခိုက်နိုင်မှုမရှိသည့်အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်၍ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကိုလည်း သက်သာစေနိုင်မည်ဖြစ်ပါသည်။”

သည်။

(၂) တာရှည်ခံပြီးရာသီဥတုဒဏ်ခံနိုင်သောပစ္စည်းများ။ ခရမ်းလွန်ရောင်ခြည်ဒဏ်ခံနိုင်သော၊ သံချေးမတက်သောပစ္စည်းများဖြင့် ပြုလုပ်ထားသောကြောင့် စနစ်သည် လေပြင်းတိုက်ခတ်မှု၊ လှိုင်းကြီးများနှင့် အပူချိန်အတက်အကျအပါအဝင် ပြင်းထန်သော ရာသီဥတုအခြေအနေများကို ခံနိုင်ရည်ရှိသောကြောင့် ရေရှည်စွမ်းဆောင်ရည်ကို သေချာစေသည်။

(၃) ပိုမိုမြင့်မားသော စွမ်းဆောင်ရည်အတွက် ပိုမိုကောင်းမွန်သော အအေးပေးသည့်အာနိသင်။ ရေ၏ သဘာဝအအေးပေးသည့် အာနိသင်သည် ဆိုလာပြားများ၏အပူချိန်ကို ထိန်းညှိပေးရန်၊ အပူလွန်ကဲခြင်းကြောင့် စွမ်းအင်ဆုံးရှုံးမှုကို လျှော့ချပေးခြင်းနှင့် အလွန်အကျွံကြီးထွားမှုကို ဟန့်တားပေးခြင်းဖြင့် မြေအသုံးပြုမှုကို လျှော့ချပေးပြီး ရေနေဂေဟစနစ်ကို ထိန်းသိမ်းရန် ကူညီပေးပါသည်။

(၄) ပိုမိုမြင့်မားသော စွမ်းဆောင်ရည်အတွက် ပိုမိုကောင်းမွန်သော အအေးပေးသည့်အာနိသင်။ ရေ၏ သဘာဝအအေးပေးသည့် အာနိသင်သည် ဆိုလာပြားများ၏အပူချိန်ကို ထိန်းညှိပေးရန်၊ အပူလွန်ကဲခြင်းကြောင့် စွမ်းအင်ဆုံးရှုံးမှုကို လျှော့ချပေးခြင်းနှင့်

ချမ်းမြသာစည်မြို့နယ်၌ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၉

(၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် မန္တလာသိရိအားကစားကွင်း Multipurpose Stadium ၌ကျင်းပရာ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဝန်ကြီးရုံးအသင်းနှင့် ဌာနခွဲ (၃) အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ဝန်ကြီးရုံးအသင်းက ဌာနခွဲ (၃) အသင်းကို အနိုင်ရရှိလိုက်ခဲ့သည်။

ထို့နောက် စတုတ္ထဆုရရှိသော ဌာနခွဲ (၁/၂) အသင်းနှင့် တတိယဆုရရှိသော ဌာနခွဲ (၄) အသင်းတို့အား မဟာအောင်မြေခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့သည်။ ဒုတိယဆုရရှိသော ဌာနခွဲ (၃) အသင်းအား တိုင်းဒေသကြီး ညွှန်ကြားရေးမှူးကလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှစ်ပတ်လည်နေ့အထိမ်းအမှတ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ပထမဆုရရှိသော ဝန်ကြီးရုံးအသင်းကို တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးဥာဏ်လင်းထွေးကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကာ ပြိုင်ပွဲဝင်အားကစားသမားများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



✪ လက်ရှိချန်ပီယံမှ

မန်စီးတီးအသင်းနဲ့ ဘရိုက်တန်အသင်းတို့ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ မန်စီးတီးအသင်းက လေးဂိုး-သုံးဂိုးဖြင့်အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ကိုဗာဆစ်ကတော့ မန်စီးတီးအသင်းနဲ့အတူ ပထမဆုံးဂိုး သွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာတော့ ဘုန်းမောက်အသင်းက အက်စ်တွန်ဗီလာအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ခရစ္စတယ်ပဲလေ့စ်အသင်းက ဖူလ်ဟမ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဆန်းဒါးလန်းအသင်းက ဘရန့်ဖို့ဒ်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ လီဗာပူးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့လို့ ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ လီဗာပူးအသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်တက်လှမ်းခွင့် ရရှိခဲ့တာလည်းဖြစ်ပါတယ်။ ငွေကြေယ်

သက်ရှိကမ္ဘာရှင်သန့်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ဧက ၉၄၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

ကန့်ဘလူ အောက်တိုဘာ ၂၉

စစ်ကိုင်း တိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ဧက ၉၄၀၀၀ ကျော် စိုက်ပျိုးရန် လျာထားကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ၏ ပြောကြား ချက်အရ သိရသည်။



ဆောင်ရွက်ပေးမည်

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသခံတောင်သူများအား မြေအစိုခဝတ်ရှိစဉ် အချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် အယ်လ်နီညို ဖြစ်စဉ်ကြောင့် ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ထိခိုက် ပျက်စီးမှုမရှိစေရေး၊ စိုက်ပျိုးရေး အသိပညာပေး လုပ်ငန်းများနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိ ရေးအတွက် သွင်းအားစုများ ထည့်သွင်းရာတွင် သီးနှံပင်၏ သက်တမ်းအလိုက် အသုံးပြုမည့် မြေဩဇာများ အချိုးအစား မှန်ကန်စေရေး၊ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ ထိရောက်မှုရှိပြီး အပင် အတွက် အကျိုးဖြစ်ထွန်းစေရေး၊ သဘာဝမြေဩဇာများကို အချိုးကျ ရောစပ်၍ အချိန်ကိုက် ကြဲပက် နိုင်စေရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့်အညီ စိုက်ပျိုး နိုင်ရေး စိုက်ပျိုးရေးဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက် ပေးမည်ဖြစ်သည်။

ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မတ်ပဲ ၃၈၅၃၁ ဧက၊ ပဲတီစိမ်း ဧက ၂၂၅၀၀၊ ထောပတ်ပဲ ၃၇၉၇ ဧက၊ ဆွန်တာနီ ၁၃၉၃ ဧက၊ ဆွန်တာပြာ ၇၂၁၉ ဧက၊ ကုလားပဲ ၆၉၄၇ ဧက၊ ပဲလွမ်း ၂၄၅၅ ဧက၊ စားတော်ပဲ ၈၈၉၇ ဧကနှင့် အခြားပဲ ၃၁၂၇ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



နာဂဒေသ လေရှီးမြို့၌ ဒေသထွက်ဝါးမှ မျှစ်စိုး၊ မျှစ်ခြောက် ထုတ်လုပ်ခြင်းနှင့် အသုံးဆောင်များ ပြုလုပ်နည်းသင်တန်းဖွင့်

လေရှီး အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး မြို့နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ဦးစီးပြုလုပ်သည့် ဒေသထွက်ဝါးမှမျှစ်စိုး၊ မျှစ်ခြောက် ထုတ်လုပ်ခြင်းနှင့် အသုံးဆောင်များ ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက လေရှီးမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန ရိုပ်သာ(၂)ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ် သင်ကြားမည်ဖြစ်ပြီး နည်းပြဆရာ ဆရာမများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကာ လေရှီးမြို့နယ်အတွင်းမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်သင်ကြားကြမည်ဖြစ်ကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း
တစ်ပိသာ ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ
နေပြည်တော် အောက်တိုဘာ ၂၉

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသုံလောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိ သည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့ သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက် နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိသာလျှင် ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသုံလောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website:www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာ နိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဧရာဝတီတိုင်းဒေသကြီးတွင် မြန်မာ့ပေါ်ဆန်းစပါးကို အများဆုံးစိုက်ပျိုးထား

ရန်ကုန် အောက်တိုဘာ ၂၉

ကမ္ဘာ့အကောင်းဆုံးဆန် အဖြစ် သတ်မှတ်ခြင်း ခံထားရသည့် မြန်မာ့ပေါ်ဆန်းစပါးကို ဧရာဝတီ တိုင်းဒေသကြီးတွင် အများဆုံး စိုက်ပျိုးထားပြီး ပေါ်ဆန်းစပါး ဧက ၁၃ သိန်းကျော် စိုက်ပျိုးထား သည်။

“ဧရာဝတီတိုင်းဒေသကြီးမှာ ဒေသအလိုက်ပေါ်ဆန်းမျိုးကွဲပေါင်း များစွာရှိနေတဲ့အတွက် အရည် အသွေးကျဆင်းမှု မရှိအောင် ဌာန အနေနဲ့ မျိုးစေ့ထုတ်စိုက်ခင်းတွေ ကို သီခြားစိုက်ပျိုးထားတာ ရှိပါ တယ်။ တောင်သူတွေ ထွက်နှုန်း ကောင်းအောင်ဌာနကအစဉ်တစိုက် ဆောင်ရွက်ပေးပြီး ဆန်အရည် အသွေးကောင်းအောင် ကြိတ်ခွဲ ထုတ်လုပ်ရာမှာ သတ်မှတ်ချက်နဲ့ အညီ ထုတ်လုပ်ဖို့လည်း ကြပ်မတ် ဆောင်ရွက်နေပါတယ်။ ဧရာဝတီ တိုင်းဒေသကြီးအနေနဲ့ ပေါ်ဆန်း စပါး အရည်အသွေးနဲ့ အထွက်နှုန်း ကို ဆက်လက်ထိန်းသိမ်းပြီး တိုးချဲ့ စိုက်ပျိုးသွားဖို့ ရှိပါတယ်”ဟု ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုး ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးက ပြောသည်။



မိုးစပါးအဖြစ် စိုက်ပျိုးထား သည့် ပေါ်ဆန်းစပါးကို ဧရာဝတီ တိုင်းဒေသကြီး၌ ဧက ၁၃ သိန်း ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၃၄၇၂၆ ဧက၊ ရန်ကုန်တိုင်းဒေသ ကြီး၌ ၂၇၁၄၄ ဧကနှင့် ပဲခူးတိုင်း ဒေသကြီး၌ ၂၀၆၆၉ ဧက စိုက်ပျိုး ထားကြောင်း သိရသည်။

ပေါ်ဆန်းစပါးကို ဧရာဝတီတိုင်း ဒေသကြီး ခရိုင်ရှစ်ခရိုင်ရှိ မြို့နယ် ပေါင်း ၂၀ တွင် ပေါ်ဆန်းမွေး၊ ပေါ်ဆန်းဘေးကြား၊ ဘေးကြား တောင်ပြန့်နှင့် ပေါ်ဆန်းရင်မျိုးစပါး လေးမျိုးအပြင် လက်ပံပေါ်ဆန်း နှင့် သောကြာပေါ်ဆန်း မျိုးစပါး တို့ကို လည်းကောင်း၊ စစ်ကိုင်း တိုင်းဒေသကြီး ခရိုင် ခုနစ်ခုတွင် ရွှေဘိုပေါ်ဆန်းနှင့် ရေဆင်း ပေါ်ဆန်း(၁) မျိုးစပါးကိုလည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင် ရှစ်ခရိုင်ရှိ မြို့နယ်ပေါင်း ၁၅ မြို့နယ်၌ ပေါ်ဆန်းမွေး၊ ပေါ်ဆန်း ရင်၊ ရွှေနဲ့သာပေါ်ဆန်း၊ ရေဆင်း ပေါ်ဆန်း(၁)၊ ရေဆင်းပေါ်ဆန်း(၂) မျိုးစပါးတို့ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၌ ရေဆင်း ပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း (၂)မျိုးစပါးကို လည်းကောင်း စိုက်ပျိုးထားသည်။

ဧရာဝတီ တိုင်းဒေသကြီး၌ ပေါ်ဆန်းရင် တစ်ဧကလျှင် ၆၅ တင်းနှင့် ၇၅ တင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး၌ ရွှေဘိုပေါ်ဆန်း တစ်ဧကလျှင် ၈၁ ဒသမ ၅၈ တင်း နှင့် ရေဆင်းပေါ်ဆန်း တစ်ဧက လျှင် ၁၁၃ ဒသမ ၁၀ တင်း၊ ရန်ကုန် တိုင်းဒေသကြီး၌ ပေါ်ဆန်း တစ်ဧကလျှင် ၇၂ ဒသမ ၂၅ တင်း၊ ပဲခူးတိုင်းဒေသကြီး၌ ရေဆင်း ပေါ်ဆန်း(၁) တစ်ဧကလျှင် ၈၉ ဒသမ ၂၇ တင်း၊ ရေဆင်းပေါ်ဆန်း (၂) တစ်ဧကလျှင် ၉၀ ဒသမ ၄၂ တင်း ထွက်ရှိနိုင်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနများက ခန့်မှန်းထားသည်။

ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ - ကနူး

စေတုတ္တရာမြို့ စည်ပင်သာယာဈေးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

စေတုတ္တရာ အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် အယ်လ်နီညို ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ ကြိုတင် ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်း က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာန နှင့် ဈေးသူ ဈေးသားများ ပူးပေါင်း၍ စည်ပင်သာယာဈေးတွင် ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှု သရုပ်ပြသခြင်း၊ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ပြခြင်းတို့ကို သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။



ဇာဇာငြိမ်း

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၁၃၀၀ ကျော် စိုက်ပျိုးရန်လျာထား

ကျွန်းလှ အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် အစေ့ထုတ် ပြောင်းနှင့် ဖူးစားပြောင်း အဓိကစိုက်ပျိုးသော ဒေသတစ်ခုရှိပြီး ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၁၃၀၀ ကျော်စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဖူးစားပြောင်းစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ သီးထပ်စိုက်ပျိုး ရေးတို့ကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

စိုက်ပျိုး

ကျွန်းလှမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ စားပိုဆောင်သီးနှံမျိုးစုံ စိုက်ပျိုး ကြပြီး တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိရေးအတွက် ဖူးစားပြောင်း စိုက်ပျိုးထုတ်လုပ်ကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)



40th ASEAN Senior Amateur Championship 2026 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာစီနီယာအပျော်တမ်းဂေါက်သီးရိုက်အသင်း တံခွန်စိုက်ချန်ပီယံဆုအပါအဝင် အောင်မြင်မှုများ ဆွတ်ခူး

ရန်ကုန် အောက်တိုဘာ ၂၉

ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် 40th ASEAN Senior Amateur Championship 2026 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာစီနီယာအပျော်တမ်းဂေါက်သီးရိုက်အသင်းသည် အသင်းလိုက်ပြိုင်ပွဲများတွင် တံခွန်စိုက်ချန်ပီယံဆုအပါအဝင် အောင်မြင်မှုရယူနိုင်ခဲ့သလို တစ်ဦးချင်းပြိုင်ပွဲတွင်လည်း ဆုများဆွတ်ခူးရရှိခဲ့သည်။



ပြိုင်ပွဲတွင် အသင်းလိုက် အကျော်ပေးပြိုင်ပွဲ၌ ဦးလှမြင့်ရွှေ(MGF)၊ ဦးတင်မောင်မောင်ဝင်း(MGF)၊ ဦးဝင်းမြင့်ချင်း(MGF)၊ ဦးကိုကိုအောင်၊ ဦးစိုင်းအိုက်အောင်နှင့် ဦးဆန်းအောင်တို့ပါဝင်သော မြန်မာအသင်းက ပထမဆု ဆွတ်ခူးရရှိခဲ့သည်။ အသင်းလိုက် အကျော်မဲ့ပြိုင်ပွဲ၌ ဦးကိုကိုအေး (MGF)၊ ဦးအိုက်ပန်း(MGF)၊ ဦးစိုး(မန္တလေး)၊ ဦးစိုင်းဖိလစ်ရီ၊ ဦးဆန်းမင်းနှင့် ဦးအောင်လင်းတို့ ပါဝင်သော မြန်မာအသင်းက ဒုတိယဆုရရှိခဲ့သည်။ ထို့ပြင် Stableford ပြိုင်ပွဲ၏ သက်တမ်းအလိုက် အသင်းလိုက်ပြိုင်ပွဲတွင် ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)MGF၊ ဦးအောင်ကြည်(MGF)၊ ဦးခင်မောင်တင့်၊ ဦးရွှေထွန်းလှိုင်၊ ဦးအောင်ဝင်း၊ ဦးကျော်ထွန်း၊ ဦးလွမ်းအောင်နှင့် ဦးကျော်နိုင်ဝင်းတို့ ပါဝင်သော မြန်မာအသင်းက တတိယဆု ဆွတ်ခူးရရှိခဲ့သည်။ တစ်ဦးချင်းပြိုင်ပွဲများတွင်လည်း ဆုများရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ASEAN Senior Amateur Golf Associations အဖွဲ့ဝင်အဖြစ် ၂၀၂၃ ခုနှစ်တွင် စတင်ဝင်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ကျင်းပသည့် 40th ASEAN Senior Amateur Championship 2026 ပြိုင်ပွဲတွင် အသင်းလိုက်နှင့် တစ်ဦးချင်းဆုများ ဆွတ်ခူးရရှိခဲ့ခြင်းသည် မြန်မာစီနီယာအပျော်တမ်းဂေါက်သီးရိုက်အားကစား၏ စွမ်းဆောင်ရည်နှင့် နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံများကို ထင်ဟပ်စေခဲ့သည်။

အဆိုပါပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံရှိ Eagle Ridge Golf and Country Club ၏ Nick Faldo နှင့် Andy Dye ဂေါက်ကွင်းများတွင် ကျင်းပခဲ့ပြီး အိမ်ရှင် ဖိလစ်ပိုင်နိုင်ငံအပါအဝင် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့မှ အသက် ၅၅ နှစ်နှင့်အထက် စီနီယာအပျော်တမ်းဂေါက်သီးရိုက်အားကစားသမား စုစုပေါင်း ၂၆၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်း-မောင်စံကြီး
ဓာတ်ပုံ-MGF

✧ M-League မှ

ရတနာပုံအသင်း၊ YUSC ကွင်း၌ မြဝတီအသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ အောက်တိုဘာ ၃၁ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ ပုသိမ်ကျောက်တိုင်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၁ ရက်တွင် ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် Chinland အသင်း၊ သီဟဠိုပကွင်း၌ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုတစ်ပတ်တွင် AFC Challenge League ပြိုင်ပွဲကြောင့် ပြိုင်ဘက်အသင်းများထက် နှစ်ပွဲစီလျော့နေသည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့၏ပွဲစဉ်များ ပြန်လည်ပါဝင်လာမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီပထမဆုံးအိမ်ကွင်းပွဲအဖြစ် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရှုံးပွဲမရှိဘဲ ရပ်တည်နေသည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်သည်။ နည်းပြ ချုပ်သစ် ဦးချစ်နိုင်လက်ထက်တွင် ပုံစံကောင်းပြသနေသည့် ဒဂုံစတားယူနိုက်တက်အသင်းကို လက်ရှိချုပ်ပီယံ ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။

ပွဲစဉ် (၅) အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၃ မှတ်၊ ရန်ကုန်စီးတီးအသင်းက ၁၁ မှတ်၊ ရတနာပုံအသင်းက ၁၀ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ခုနစ်မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ခြောက်မှတ်၊ သစ္စာအားမာန်အသင်းက ငါးမှတ်၊ Chinland အသင်း၊ အား/ကာသိပ္ပံအသင်း၊ ဟံသာဝတီယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့က လေးမှတ်စီ၊ ဧရာဝတီယူနိုက်တက်အသင်းက သုံးမှတ်၊ မြဝတီအသင်းက တစ်မှတ်ရရှိထားသည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းသည် သုံးပွဲစီ၊ မြဝတီ၊ ဧရာဝတီယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းတို့မှာ လေးပွဲစီသာ ကစားရသေးသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MLeague

✤ M-League II မှ

ဂိုးများကို ၄၉ မိနစ်တွင် ဝေမင်းထွဋ်၊ မိနစ် ၅၀ တွင် ထွန်းနိုင်စိုး၊ ၇၅၊ ၈၆ မိနစ်တို့တွင် ဇော်ဇော်နိုင်က သွင်းယူပြီး Elite Kings အသင်းအတွက် ဂိုးများကို ၄၂ မိနစ်တွင် မင်းမြတ်စိုး၊ ၇၆ မိနစ်တွင် ခွန်ဝင်းထွဋ်တို့က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရခိုင်ယူနိုက်တက်တိုက်စစ်မှု့း ထွန်းနိုင်စိုးက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် (၃) တတိယနေ့ကို အောက်တိုဘာ ၃၀ ရက် တက္ကသိုလ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Asia Lion အသင်းနှင့် VUE နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - M-League



၁၀ နှစ်ကျော်ကြာ ပြန်လည်တည်ဆောက်ခဲ့သည့် မင်္ဂလာဈေးကြီး၌ ဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒဇလမဲန့် စက်ရုံလမ်းထောင့်ရှိ မင်္ဂလာဈေးသစ်ကြီး၌ ဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်ရောင်းချတော့မည်ဖြစ်ကြောင်း သိရသည်။

“နိုဝင်ဘာလ ပထမပတ်မှာ ဖွင့်လှစ်ရောင်းချဖို့ အခုအောက်တိုဘာလ နောက်ဆုံးပတ်ကနေစပြီး ဆိုင်ခန်းပိုင်ရှင်တွေကို သူတို့ရောင်းမယ့်ပစ္စည်းတွေရွေးပြောင်း ခွင့်ပြုထားပါတယ်”ဟု ဈေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ပြန်လည်ဖွင့်လှစ်ရောင်းချရာတွင် မူလဆိုင်ခန်းပိုင်ရှင်များ အနေဖြင့် မိမိတို့ပြန်လည်ရရှိထား



သည့် ဈေးဆိုင်ခန်းများတွင် အခကြေးငွေ တစ်စုံတစ်ရာပေးဆောင်ရန်မလိုဘဲ ရောင်းချနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆိုင်ခန်းလေးထောင်ကျော်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

“ မူလဆိုင်ခန်းပိုင်ရှင်တွေက အခကြေးငွေ ပေးဆောင်စရာမလိုဘူး။ တောင်းခံတဲ့သူရှိရင်လည်း သက်ဆိုင်ရာကို ဆက်သွယ်အကြောင်းကြားနိုင်ပါတယ်” ဟု တာဝန်ရှိသူက ပြောသည်။

ယင်းအပြင် တင်ဒါအောင်မြင်၍ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ဆန်းမြတ်ထွန်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ၁၀ ပေပတ်လည်ဆိုင်ခန်းများအား အရစ်ကျစနစ်နှင့် ဘဏ်ချိတ်စနစ်များဖြင့် ဝယ်ယူနိုင်ရန်စီစဉ်ထားကြောင်း ဈေးတာဝန်ရှိသူထံမှ သိရသည်။

မင်္ဂလာဈေးကြီးသည် ၂၀၁၀ ပြည့်နှစ် မေ ၂၄ ရက်တွင် ပထမအကြိမ်၊ ၂၀၁၆ ခုနှစ် ဧနေနဝါရီ ၉ ရက်တွင် ဒုတိယအကြိမ် မီးလောင်ကျွမ်းခဲ့ပြီး ပြန်လည် တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၁၀ နှစ်ကျော်အကြာ ယခု ၂၀၂၆ ခုနှစ် နိုဝင်ဘာ ပထမပတ်တွင် အဆင့်မြင့် မင်္ဂလာဈေးသစ်ကြီးအဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- ဇာနည်မောင်

တောင်ကြီးမြို့၌ ရှမ်းပြည်နယ်ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်

တောင်ကြီး အောက်တိုဘာ ၂၉

ရှမ်းပြည်နယ် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းနှင့် အဖွဲ့ဝင်သစ်များ ဖိတ်ခေါ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ Commercial Centre(City Square)ရှိ အစည်းဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သဘာပတိအဖွဲ့ဝင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်လင်းအောင်က ၂၀၁၉ မှ၂၀၂၆ ခုနှစ်အတွင်း အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်တစ်ဦးက အလုပ်အမှုဆောင်အဖွဲ့ဝင်သစ် အမည်စာရင်းများကိုဖတ်ကြားတင်သွင်းရာ သဘာပတိက အမည်စာရင်းအား အတည်ပြုပေးသည်။



ထို့နောက် အသင်း၌ဥက္ကဋ္ဌသစ်က ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး သဘာပတိအဖွဲ့ဝင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

မင်းသန့်(ပြန်/ဆက်)

လှည်းကူးမြို့နယ် မြိုအမျိုးသားစာပေနှင့် ရိုးရာယဉ်ကျေးမှု အသင်းမှ ဘက်စုံလက်မှုအနုပညာသင်တန်းဖွင့်



ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာမီးပြတိုက် ကလေးဂေဟာ၌ မြိုအမျိုးသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းက ဦးဆောင်ကျင်းပသော ဘက်စုံလက်မှုအနုပညာ (ခြင်းတောင်းအလှရက်လုပ်ခြင်း) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဦးစွာ မြိုအမျိုးသား စာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးကျော်ဇောလှက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဂေဟာရှိကလေးငယ်များက မြိုရိုးရာသီချင်းဖြင့်သီဆိုဖျော်ဖြေခဲ့ပြီး မြိုလူငယ်အစည်းအရုံးကိုယ်စား ဦးကျော်ကျော်နိုင်နှင့် ရပ်မိရပ်ဖကိုယ်စား ဦးခင်မောင်သန့်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်(ပြန်/ဆက်)

တိရစ္ဆာန်ကောင်ရေစာရင်းကောက် ဆင့်ပွားသင်တန်းဖွင့်လှစ်

နောင်ချို အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ဆင့်ပွားသင်တန်းဖွင့်လှစ် ပို့ချခြင်းနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များနှင့် ပတ်သက်၍ မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်သန်းနှင့် ဦးသီဟလှိုင်၊ ကျောက်မဲခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာစိုးနိုင်ဝင်း၊ နောင်ချိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူလင်း၊ နောင်ချိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာဇော်လွင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများတက်ရောက်ပြီး တိရစ္ဆာန်ကောင်ရေစာရင်းကောက် ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချခြင်းနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များနှင့်ပတ်သက်၍ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအား မွေးမြူရေးဆိုင်ရာ ကြိုတင်



ပြင်ဆင်နိုင်ရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





ချစ်စရာအရွယ်ကစားကြမယ် ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၉

"ချစ်စရာအရွယ်ကစားကြမယ်" ကလေးအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၁ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် MRTV-HD Channelမှ ရန်ကုန်မြို့ရှိ အမှတ်(၂)ပုဇွန်တောင် မူလတန်းကြိုကျောင်းနှင့် ကျွန်းတောမူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံတို့ကို ထုတ်လွှင့်ပြသမည်ဖြစ်ရာ MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်၍ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းဖြိုး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံပွဲဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV Entertainment Channel တွင် နိုဝင်ဘာ ၁ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီခွဲတွင် ပြသမည်ဖြစ်ပြီး MRTV – HD Channel တွင် အောက်တိုဘာ၂၅ ရက် တနင်္လာနေ့ ညနေ ၄ နာရီ သတင်းအပြီးတွင် ထပ်မံပြသမည်ဖြစ်သည့်အပြင် MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သီတင်းကျွတ်ပြီ တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် အောက်တိုဘာ ၂၉

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Showတေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ အောက်တိုဘာ ၃၀ ရက် သောကြာနေ့ ညပိုင်းတွင် "သီတင်းကျွတ်ပြီ" တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော် တေးသံရှင်များ ဖြစ်ကြသည့် ဖိုးသောကြာ၊ ကောင်းမိုးယံ၊ စောဒယ်နီရယ်၊ The Sai၊ ရေဗဇ္ဇာဝင်း၊ ဆုပန်ထွာ၊ နေခြည်၊ ခိုင်သဇင်ဦး၊ သဒ္ဒါနန်းထိုက်နှင့် EVE တို့က သီတင်းကျွတ် အခါသမယတွင် ရောင်စုံမီးများ လင်းလက်တောက်ပမှုနှင့်အတူ မြန်မာ့ရိုးရာလေ့ထုံးစံ၊ မြန်မာတို့၏ နွေးထွေးသော နှလုံးသားနှင့် ချစ်ခြင်းမေတ္တာ၊ မြန်မာ့လူမှုအသိုက်အဝန်း၏ စည်းလုံးညီညွတ်မှုများကို မျက်ဝါးထင်ထင် မြင်တွေ့ကြရမည် ဖြစ်သကဲ့သို့ ချစ်ခင်ရာသူများလည်း ရင်ခုန်ကြည်နူး၊ ပျော်ရွှင်ချမ်းမြေ့မှုများနှင့် ဘဝခရီးလမ်းကို လျှောက်လှမ်းကြမည့် တေးစာသားများနှင့် သီကုံးရေးဖွဲ့ထားသည့် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။



"သီတင်းကျွတ်ပြီ" တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၃၀ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည် ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် နိုဝင်ဘာ ၁ ရက်တနင်္ဂနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



❍ M-League ယူ-၂၀ မှ

ဦးဆောင်ဂိုးကို ၁၉ မိနစ်တွင် မျိုးမင်းခန့်က သွင်းယူပြီး ဒဂုံစတားယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၆၆ မိနစ်တွင် ညီနိုင်၊ အနိုင်ဂိုးကို ၇၆ မိနစ်တွင် ဇောဘိုထွဋ်က သွင်းယူသည်။

ထိပ်ဆုံးနေရာပြောင်းလဲခဲ့

ပွဲစဉ် (၂၁)အပြီးတွင် ရန်ကုန်ယူနိုက်တက် အသင်းက ၄၉ မှတ်၊ အား/ကာသိပ္ပံအသင်းက ၄၇ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၄၆ မှတ်ဖြင့် ထိပ်ဆုံးသုံးနေရာတွင် ရပ်တည်နေသည်။ ယခုတစ်ပတ်အပြီးတွင် ထိပ်ဆုံးနေရာပြောင်းလဲခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်း ထိပ်ဆုံးနေရာ လွဲပြောင်းရယူနိုင်ခဲ့သည်။

သတင်း - ချစ်ကိုကို
ဓာတ်ပုံ - YDNBFC

မွေးသက္ကရာဇ်အမှန်

မြစ်သားမြို့နယ်၊ ကသဲကုန်းကျေးရွာနေ (၁၁) ဦးအောင်ပိုင်လတ် [၉/မတရ(နိုင်)၀၀၃၉၀၀] ၏သား ပညာတန်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မောင်ကောင်းခန့်ပိုင်၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၈-၂၀၀၈) ဖြစ်ပါကြောင်း။

ဦးအောင်ပိုင်လတ်
[၉/မတရ(နိုင်)၀၀၃၉၀၀]

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၇-၂၀၂၆ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၇)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ် စဉ်(၃)ဒေါ်သီရိအောင်၏အမည် ပြောင်းတွင်မှတ်မိုတင်(၁/မကန(နိုင်)၀၂၅၀၂၂)အစား(၁/ကမန(နိုင်)၀၂၅၀၁၂)ဟုအမှန်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂျူနီယာရပ်ကွက်၊ ကွင်းကျောင်းလမ်း၊ တိုက်(၄၅)၊ (၂)ခန်းတွဲ (B) ဝင်ဝံတိုက်၏ G-လွှာ (ခြေလင်းခန်း)၊ အကျယ်အဝန်း (၁၅ပေ×၆၀ပေ)ရှိ တိုက်ခန်းနှင့် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုတရားဝင်လက်ဝယ်ထားပိုင်ဆိုပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေထွန်းဇော် (၁/အလန(နိုင်)၀၄၁၅၆၇) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ စ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သိရိနိုင်ရည်ဖွန်၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ကြည်ကြည်လှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၀)
အမှတ် (၂၃၁) ၎ဝါလမ်း၊ စောခြောက်ရပ်ကွက်၊ အလုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၉၃၅၆၆၃၅

"အများသိစေရန် တောင်းပန်ခြင်း"

မြန်မာနိုင်ငံ၌ Apple Authorized Reseller အဖြစ် အများပြည်သူ၏ ယုံကြည်မှုနှင့် ကောင်းသောဂုဏ်သတင်းကိုရရှိထားသော mDrive ၏ ထင်ပေါ်ကျော်ကြားမှုနှင့် အကျိုးစီးပွားကိုထိခိုက်စေသည့် မဟုတ်မမှန် သောအချက်အလက်များကို ကျွန်တော် ဦးမင်းခန့်ဖြိုး [၉/ခအဇ(နိုင်)၀၂၉၄၄၈]က မိမိ၏လူမှုကွန်ရက်၌လည်းကောင်း၊ မိုဘိုင်းဖုန်းအရောင်းအဝယ်ပြုလုပ်သူများ၏ လူမှုကွန်ရက် group chat များ၌လည်းကောင်း ရေးသားခြင်း၊ မှတ်ချက်ပြုခြင်း၊ လွဲဆော်ခြင်းတို့ကို ပြုလုပ်ခဲ့သဖြင့် mDrive နှင့် သုံးစွဲသူများကို နစ်နာဆုံးရှုံးမှု ဖြစ်စေခဲ့ပါသည်။

ကျွန်တော်သည် mDrive နှင့် စပ်လျဉ်း၍ မှန်ကန်ခြင်းမရှိသော အချက်အလက်များဖြင့် ဖော်ပြခဲ့ခြင်းများကို ခြွင်းချက်မရှိ ပြန်လည် ရုပ်သိမ်းပါကြောင်းနှင့် ကျွန်တော်၏ပြုလုပ်မှုကြောင့် mDrive နှင့် သုံးစွဲသူများ၏ နစ်နာခဲ့မှုများကို ခွင့်လွှတ်ပေးပါရန် mDrive မှ တာဝန်ရှိလူကြီးများကိုလည်းကောင်း၊ သုံးစွဲမှုများကိုလည်းကောင်း အများသိစေရန် အနူးအညွှတ်တောင်းပန်အပ်ပါသည်။

ဦးမင်းခန့်ဖြိုး [၉/ခအဇ(နိုင်)၀၂၉၄၄၈]
၂၅ လမ်း၊ ၈၇/၈၈ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။

❒ ကျောဖုံးမှ

အမြန်မစံချိန် ၆၇ ကီလို၊ နှစ်ဆင့်မစံချိန် ၉၀ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၅၇ ကီလိုဖြင့် ပထမ၊ မကွေးတိုင်းဒေသကြီး အသင်းမှ ဇင်ငြိမ်းအေးက အမြန်မစံချိန် ၅၀ ကီလို၊ နှစ်ဆင့်မစံချိန် ၇၀ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၂၀ ကီလိုဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှ ပိစံက အမြန်မစံချိန် ၄၄ ကီလို၊ နှစ်ဆင့်မစံချိန် ၅၈ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၀၂ ကီလိုဖြင့် တတိယရရှိခဲ့သည်။

စံချိန်သစ်များတင်နိုင်

အမျိုးသမီး(၄၉) ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ နော်အယ်ကညောဇျော့သည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမြန်မပြိုင်ပွဲ၏ စံချိန် ၆၆ ကီလိုထက်ကျော်လွန်၍ ၆၇ ကီလိုဖြင့်လည်းကောင်း၊ နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၈၆ ကီလိုထက်ကျော်လွန်၍ ၉၀ ကီလိုဖြင့်လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်း ပြိုင်ပွဲတွင် စံချိန် ၁၅၀ ကီလိုထက်ကျော်လွန်၍ ၁၅၇ ကီလို ဖြင့်လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီး၏ စံချိန်သစ်များ တင်နိုင်ခဲ့သည်။

ဆက်လက်၍ အမျိုးသား(၆၀)ကီလိုတန်း အုပ်စုအဆင့် ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စဇင်ဖြိုးအောင်က အမြန်မစံချိန် ၇၀ ကီလို၊ နှစ်ဆင့်မစံချိန် ၈၀ ကီလို စုစုပေါင်းစံချိန် ၁၅၀ ကီလိုဖြင့် အဆင့်(၁)ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ဝဃန်မိုးက အမြန်မစံချိန် ၆၀ ကီလို၊ နှစ်ဆင့်မစံချိန် ၇၀ ကီလို စုစုပေါင်းစံချိန် ၁၃၀ ကီလိုဖြင့် အဆင့်(၂)ကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အောင်ပိုင်ဖြိုးက အမြန်မစံချိန် ၅၅ ကီလို၊ နှစ်ဆင့်မစံချိန် ၆၀ ကီလို စုစုပေါင်းစံချိန် ၁၁၅ ကီလိုဖြင့် အဆင့်(၃)ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ထူးထက်ဇော်က အမြန်မစံချိန် ၅၀ ကီလို၊ နှစ်ဆင့်မစံချိန် ၅၀ ကီလို စုစုပေါင်း စံချိန် ၁၀၀ ကီလိုဖြင့် အဆင့်(၄)တို့ကိုလည်းကောင်း ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်နံနက် ၁၀ နာရီမှ စတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး) ကိုလုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ် မြောက်ရေလှကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၁၂၉၉/က၊ ဧရိယာ(၃၀' × ၆၀')။ မြေကွက်တည်ရေးအမှတ်(၁၉၉/က)၊ သုံးနှုန်း/လပ်း ၂/မြောက် ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်လှ (၁၂/ဘမစ (နိုင်) ၀၃၆၆)အမည်ခံမှ နှစ်(၆၀) ပြောင်းလဲရန်လျှောက်ထားအပ်ပါက ဦးတင်လှ ရင်းနှီးသောမြေစာရင်းမှတ်ပုံတင်ကိုယ်စား ဒေါ်ခင်ဝေဦးက ဘဏ်ချေးငွေရယူရန်အတွက် ပေးအပ်ထားသည့် မိမိလက်ဝယ်ထဲတွင် သိမ်းဆည်းထားရာမှ မတော်တဆ ပျောက်ဆုံးခဲ့ရကြောင်း တိုင်ကြားလာသည့်အတွက် ယင်းမှတ်ပုံတင်ကို အသုံးပြုခြင်းမှ ကာကွယ်ရန် ပျောက်ဆုံးခဲ့ရသည့် မှတ်ပုံတင်ကဒ်အမှတ် ၂၂၉၉/ကရက်ပ်ပါ မူရင်းလက်မှတ်ကို ပြုလုပ်ခဲ့သည်ဖြစ်ရာ ယင်းမှတ်ပုံတင်ကဒ်ကို ကိုင်ဆောင်ထားသူ ပေါ်လာပါက ကျွန်ုပ်ထံသို့ ပြန်လည်ပေးအပ်ရန် အကြောင်းကြားအပ်ပါသည်။

ဒွေးဒုတ်(ဒုတိယညွှန်ကြားရေးမှူးချုပ်)
ပြည်မြေမြင်းခေါ်ရုံးဌာန
ရန်ကုန်ပြိုကော်ဧည်ပင်သာယာရေးကော်မတီ

အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ပဲခူးမြို့၊ ကျောက်ကြီးစုရပ်ကွက်၊ ဆေးရုံဘေးငါးလမ်း၊ အမှတ်(၁၅၀) တွင် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် ကောသရာ ရှုဆေး ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းကို ကျွန်ုပ်ဖြစ်သူ ဦးချစ်ပြည့်ပြည့်လင်း [၁၂/ ပဓတ(နိုင်) ၀၃၄၇၀၃] ကိုင်ဆောင်သူက အောက်ဖော်ပြပါ အမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်-



သို့ဖြစ်ပါ၍ ဈေးကွက်အတွင်း အထက်ဖော်ပြပါ အမှတ်တံဆိပ်တစ်ခုလုံးနှင့်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသနှင့်ဖြစ်စေ၊ ဆင်တူယိုးမှား အမှတ်တံဆိပ်များရှိခဲ့ပါက ကန့်ကွက်လိုပါလျှင် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမှရင်းမှားနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ဖော်ပြပါ အမှတ်တံဆိပ်အား တစ်စုံတစ်ရာတုပပြုလုပ်၍ ဈေးကွက်တွင် ရောင်းချခြင်းမရှိစေရန် သက်ဆိုင်ရာရုံးဌာနတို့၌ မှတ်ပုံတင်သွင်းမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးချစ်ပြည့်ပြည့်လင်း
[၁၂/ပဓတ (နိုင်) ၀၃၄၇၀၃]
အမှတ်- ၁၃၉၊ ဦးဘိုးဝင်း ၁၃ လမ်း၊ ဦးဘိုးဝင်း-တောင်ပိုင်းရပ်ကွက်၊
ပဲခူးမြို့။ ဖုန်း- ၀၉-၈၈၅၁၆၂၈၉

"ကျူးကျော်ဝင်ရောက် နေထိုင်သူများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၄-လမ်း၊ အမှတ်(၁၁၉)နေ ပါကျွန်းရိတာ (၁) ဒေါ်စန္ဒာအေး [၁၂/မဂတ (ပြု) ၀၀၁၁၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်၊ ဈေးဝတီ (၂)လမ်း၊ အမှတ်-(၅/ဘဒဝ)(၀၁၆၀/ခ) ဟူ၍ဝင်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၅)။ မြေကွက်အမှတ် (၁၁၆၀/ခ)။ အကျယ်အနှစ်း [၂၀၀x၊ ၆၀၀x)ရှိ ဧရိယာ (၀.၀၂၇၅) ဧကရှိ ဘောဂဓူတူး(ခ)ဦးဝင်းနိုင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်မိတ်ဆွေ ပါကျွန်းရိတာ(ခ) ဒေါစန္ဒာအေးမှ ဆက်ခံပိုင်ဆိုင်ခွင့်ရှိလာသည့် မြေကွက်ဖြစ်ပါသည်။

အဆိုပါ ကျွန်ုပ်မိတ်ဆွေဆက်ခံပိုင်ဆိုင်သော မြေကွက်အတွင်းသို့ ပိုင်ရှင်၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ မြေပိုင်ရှင်ကို ဆန့်ကျင်ကာ ကျူးကျော်အဆောက်အဦဆောက်လုပ်၍ ဝင်ရောက်နေထိုင် လျက်ရှိကြောင်း တွေ့ရှိရပါသည်။

သို့အတွက် ကျွန်ုပ်မိတ်ဆွေပိုင် မြေကွက်အတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်သူများအနေဖြင့် ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း အဆောက်အဦအား ဖျက်သိမ်း၍ ဖယ်ရှားထွက်ခွာပေးရန် အသိပေးအပ်ပါသည်။

အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေအနေဖြင့် သက်ဆိုင်ရာ ရဲစခန်း၊ တရားရုံးတို့တွင် ဥပဒေနှင့်အညီ အမှုဖွင့်တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျူးကျော်ဝင်ရောက် နေထိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မာမသိန်း (LL.B) **ဒေါ်နန်းစန္ဒာလင်း (LL.B, D.B.L)**
(စဉ်-၈၇၉၂) **(စဉ်-၂၀၁၂၉)**
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၅၈)၊ မြေညီထပ်၊ မန္တလေးမန်း၊ ကန်/တောင်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉- ၅၀၆၄၅၅၉၊ ၀၉- ၅၀၈၈၆၀၅

လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ ၃၄-ရပ်ကွက်တွင် နေထိုင်သော ဦးကိုကိုမောင် (ဘ) ဦးလှထွန်း[၁၂/လမန(နိုင်)၁၁၄၁၂၂]သည် အောက်တွင်ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ် မူပိုင်ရှင်ဖြစ်ပါသည်-



မှတ်ပုံတင်စာချုပ်အမှတ် - ၄/စ,ဖ,၆၈ (ဧနွန္ဒ - ၈-၈-၂၀၂၆)

အထက်ဖော်ပြပါ အမှတ်တံဆိပ်အား SHWE NAN, "အထွေထွေတန်ဖိုးမြင့်စားသောက်ကုန်နှင့် ဒေသထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ"ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ လုပ်ကိုင်ဆောင်ရွက်ရန် အသုံးပြုသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ SHWE NAN အမည်အား ဖြစ်စေ၊ အမှတ်တံဆိပ်အားဖြစ်စေ မည်သည့်ပုံစံနှင့်မဆို ပို၍ခိုးတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မီဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှီငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဦးကိုကိုမောင်[၁၂/လမန(နိုင်)၁၁၄၁၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်မောင်မင်းခေါင်
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၂၄၄)
အမှတ်-၆၉၊ ဗိုလ်မိန်နှုန်လမ်း၊ ဗိုလ်မိန်နှုန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ၀၉- ၄၂၀၀၅၁၃၄

"ဖခင်အမည်မှန်"

